ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ တနင်္လာနေ့ (21-12-2015) (၈၄၂၀)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်သို့ မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

သတင်း စာမျက်နှာ » ၃



ယမန်နှစ် အလောင်းတော်ကဿပ ဘုရားဖူးရာသီက လာရောက်ကြသော ဘုရားဖူးများ။ (ဓာတ်ပုံ-ဌေးအောင်)

# အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်း ဒီဇင်ဘာ ၂၃ ရက်ဖွင့်မည်

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ပြည်တွင်းဘုရားဖူးများ စိတ်ဝင်စားမှုအများဆုံးရှိသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် အလောင်းတော်ကဿပဘုရားဖူးရာသီလမ်းကို ဒီဇင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးထံမှ သိရသည်။ ဒီဇင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်နိုင်ရန် အလောင်းတော်ကဿပဝန်ဆောင်မှုအဖွဲ့ဆရာတော်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းလုပ်ငန်းတို့စုပေါင်း၍ ဒီဇင်ဘာ ၁၈ ရက်က လမ်းဖောက်လုပ် ခင်းကျင်းခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်ထားကြောင်းသိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱

# တယ်လီနောမြန်မာအတွက် ဆက်သွယ်ရေးတာဝါတိုင် ၃၀၀၀ မလေးရှားကုမ္ပဏီတည်ဆောက်မည်

○ သုတ ○

မလေးရှားနိုင်ငံအခြေစိုက် OCK Group Bhd သည် ငါးနှစ်ကြာသဘောတူညီချက်တစ်ခုအရ နော်ဝေ ဆက်သွယ်ရေးအော်ပရေတာ တယ်လီနောမြန်မာကုမ္ပဏီ အတွက် လာမည့်နှစ်အတွင်း မြန်မာနိုင်ငံ၌ ဆက်သွယ်ရေး တာဝါတိုင် ၈၂၀ တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၇၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ OCK Group အား တာဝါတိုင် တည်ဆောက်ရေးကုမ္ပဏီဖြစ်လာစေမည့် သဘောတူညီချက် တစ်ရပ်ကို ဒီဇင်ဘာ ၁၆ ရက်က မြန်မာမိတ်ဖက်ကုမ္ပဏီ King Royal Technologies Co.,Ltd. နှင့် လက်မှတ် ရေးထိုးလိုက်ကြောင်း တယ်လီနောမြန်မာက ထုတ်ပြန်ချက် တစ်ခု၌ ပြောကြားသည်။ အဆိုပါ သဘောတူညီချက်အရ OCK Group သည် တယ်လီနော မြန်မာအတွက် ငါးနှစ်အတွင်း ဆက်သွယ်ရေးတာဝါတိုင် ၃၀၀၀ တည်ဆောက်ပေးရမည်ဖြစ်သည်။ တယ်လီနော မြန်မာက တစ်နိုင်ငံလုံးအတိုင်းအတာ ဆက်သွယ်ရေးလိုင်စင် တစ်ရပ်အတွက် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက မြန်မာ အစိုးရနှင့် သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုး ခဲ့သည်။

လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံရှိ မြို့များ၊ ကျေးရွာများအားလုံး၌ မိုဘိုင်းဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရန် တယ်လီနောမြန်မာက လက်ရှိအချိန်တွင် အကြီးမားဆုံးသော 3G ကွန်ရက်ကို တည်ဆောက်လျက် ရှိကြောင်း OCK Group က ပြောကြားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ တယ်လီနောဆင်းကတ်သုံးစွဲသူ ၁၂ သန်း ကျော်ရှိပြီး ယင်းတို့အနက် ၆၀ ရာခိုင်နှုန်းကျော်အထိ တယ်လီနောကွန်ရက်က လွှမ်းခြုံမှုရှိကြောင်း သိရသည်။ ယနေ့အချိန်ထိ တယ်လီနောမြန်မာက မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးတာဝါတိုင် ၄၀၀၀ ကျော် တည်ဆောက် ပြီးဖြစ်ကာ

စာမျက်နှာ ၅ ကော်လံ ၅ သို့ ○

## ရာသီဥတုပြောင်းလဲလာမှုကို ထိန်းနိုင်ကြမလား

စာမျက်နှာ - ၆

## နှလုံး၊ သွေး၊ ရင်ခေါင်းရောဂါကုသရေးနှင့် သင်ကြားရေးအဆောက်အအုံသစ်ဖွင့်

စာမျက်နှာ - ၇

## ဂေဟာစနစ်ကို များစွာအထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်း

စာမျက်နှာ - ၁၀



ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၂၁-၁၂-၂၀၁၅၊ တနင်္လာနေ့

# စာရိတ္တကောင်းခြင်းဂုဏ်

စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးစီအတွက် အရေးကြီးသော အသက်သွေးကြောပမာဖြစ်သည်။ စာရိတ္တကောင်းသူသည် လူကောင်းဖြစ်၍ မိမိ မိသားစုအတွက်သာမက နိုင်ငံအတွက်လည်း အားထားရသူဖြစ်ပေသည်။

စာရိတ္တယိုယွင်းပျက်စီးနေသောသူကို လူဟူ၍ မခေါ်ဆိုထိုက်ဘဲ လူဆိုး၊ လူသွမ်းသာဖြစ်ပေလိမ့်မည်။ ထို့အပြင် အများပြည်သူတို့အား အနှောင့်အယှက်ပေးနိုင်သူ၊ မိမိ မိသားစုအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေနိုင်သူ ဖြစ်ရုံသာမက နိုင်ငံအတွက်လည်း အကျိုးမပြု၊ အန္တရာယ်ရှိသူဖြစ်နိုင်ပေသည်။

လက်ရှိတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်နေသောအချိန်တွင် ဥပဒေချိုးဖောက်သော လူဆိုး၊ လူသွမ်းများအား ရှာဖွေဖော်ထုတ်အရေးယူဖမ်းဆီးရမိမှုများကို မြင်တွေ့နေရသည်။ ထိုသို့အရေးယူမှုပြုနေသော်လည်း လူဆိုး၊ လူသွမ်းများရှိနေခြင်းမှာ မိမိတို့၏စာရိတ္တကို တည့်မတ်ခိုင်မာအောင် မတည်ဆောက်နိုင်သောကြောင့်ဖြစ်သည်။

လူငယ်လူရွယ်တစ်ဦးချင်းအနေဖြင့် ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံး၊ အရေးအကြီးဆုံးမဏ္ဍိုင်ဖြစ်သည်။ လက်ချောင်းငါးချောင်းတွင် လက်ခလယ်မှာ အမြင့်ဆုံးဗဟိုမဏ္ဍိုင်ဖြစ်နေသကဲ့သို့ အသွင်တူပေသည်။

စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ပါမှ အခြားသော ဗလစွမ်းအားတို့သည်လည်း အားကောင်းလာနိုင်သည်။ ထိုကဲ့သို့သောသူသည် မိမိအတွက်၊ မိမိ မိသားစုအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးပြုနိုင်ပေသည်။ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်နေပါလျှင် ကျန်ဗလငါးတန်တို့၏ ခွန်အားများလျော့နည်းလာပြီး မကောင်းမှု၊ အဖျက်လုပ်ငန်းဆီသို့ ဦးတည်သွားနိုင်ပေသည်။

ယနေ့လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်ကြသောကြောင့် အထူးသဖြင့် လူငယ်လူရွယ်များ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့ အထူးလိုအပ်ပါသည်။ နိုင်ငံတော်က မျှော်လင့်နေသော နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်မြောက်လာရေးအတွက် ကျောင်းသား ကျောင်းသူ၊ ကလေးအရွယ်မှစတင်ကာ အသိပညာ၊ အတတ်ပညာများဆည်းပူးရင်း စာရိတ္တကောင်းမွန်သူများဖြစ်အောင် ကျင့်ကြံအားထုတ် နေထိုင်သွားကြရမည်ဖြစ်သည်။

စာရိတ္တဟူ၍ သေးငယ်သောအမှုကိစ္စကိုပင် သာမန်သဘောမထားဘဲ အလေးထားလိုက်နာ ဆောင်ရွက်သင့်သည်။ မကျိုးမပေါက်အောင် စောင့်ထိန်းသင့်သည်။ မိမိသည် လူဆိုး၊ လူသွမ်းမဟုတ်သော်လည်း ထိုသေးငယ်သည့် အမှုကိစ္စလေးကို ဖောက်ဖျက်မိမည်ဆိုပါက လူကောင်းဖြစ်လာလိမ့်မည် မဟုတ်ချေ။ လူဆိုးဟူသည် ပြဋ္ဌာန်းထားသည့်ဥပဒေကို ချိုးဖောက်သူဖြစ်၍ သိသာထင်ရှားသော်လည်း စာရိတ္တနှင့်ပတ်သက်သည့် အမှုကိစ္စငယ်များကို ဖောက်ဖျက်ခဲ့သော် မည်သူမျှမသိနိုင်ဟု သဘောမထားသင့်ပေ။

လောကတွင် သေးငယ်သောစာရိတ္တဖောက်ဖျက်တတ်သူမှာ များပြားလှသဖြင့် လူကောင်း၊ လူမကောင်းဟူ၍ ပတ်ဝန်းကျင်က ခွဲခြားသတ်မှတ်လာကြသည်။ မကောင်းမှုအချို့ကို ဥပဒေအရအရေးမယူနိုင်သော်လည်း ဘဝအလိုအရ မကောင်းမှုအနည်းငယ်လေးများ စုပေါင်းလာသောအခါ အကုသိုလ်အစိုင်အခဲဖြစ်လာပြီး မိမိတို့အတွက် လားရာမကောင်းသောဘဝသို့ ဆိုက်ရောက်တတ်ပေသည်။

စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် လူတစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်ဖြစ်သော်လည်း အုပ်ထိန်းသူနှင့်ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းတည့်မတ်ပေးသင့်သည်။ အချို့အနေဖြင့် ဆိုဆုံးမ၍မရခြင်း၊ အလိုလိုက်အလျှော့ပေးခြင်းများကြောင့် စာရိတ္တမသိမသာယိုယွင်းနေခြင်းကိုလည်း သတိပြုရမည်ဖြစ်သည်။ လူငယ်များမှာ ဖယောင်းကဲ့သို့ ပျော့ပျောင်းလွယ်သဖြင့် ပုံသွင်းရလွယ်ကူပြီး အရွယ်ရောက်သူများအနေဖြင့် မိမိကိုယ်ကိုယ် အသိတရားဖြင့် ဆင်ခြင်နေထိုင်ပြုမူကြရမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်တိုင်းသည် စာရိတ္တတန်ဖိုးကို သိမြင်ကာ စာရိတ္တကို တန်ဖိုးထားချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့်ပြည့်စုံအောင် ကျင့်ကြံကြိုးစားဆောင်ရွက်သင့်ပါသည်။ ။

## ရေကြီးမှု မြေပြိုမှုနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် M.C.D.R.R (Myanmar Consortium Disaster Risk Reduction)တို့မှ ပူးပေါင်းဖွင့်လှစ်သည့် ရေကြီးမှု မြေပြိုမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် အတွေ့အကြုံဖလှယ်ညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ ဂရင်းအမရဟိုတယ်၌ ကျင်းပသည်။

ဒေါက်တာခင်မောင်ဝင်းနှင့် ဘဏ်ဥပဒေအကြံပေးအရာရှိ ဦးရှိန်တိုးတို့က “သဘာဝဘေးအန္တရာယ်ကျရောက်သောနေရာဒေသများရှိ အိမ်ထောင်စုများ၏ အိမ်ခြေ၊ အိမ်ထောင်စုလူဦးရေ စာရင်းဇယားများ တိကျစွာရရှိမှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် တုံ့ပြန်မှုဆိုင်ရာ အသင်းအဖွဲ့များ အချင်းချင်းဆက်သွယ်မှု အားနည်းခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးမှ လွတ်မြောက်ရေးအတွက် ကုန်းမြင့်နေရာတွင် အဆောက်အအုံများ ကြိုတင်ပြင်ဆင်ဆောက်လုပ်ထားမှု မရှိခြင်း၊ ရေဝဲနှင့် သဲလှိုင်း၊ သဲမုန်တိုင်း၊ ဒိုက်မျောများ ကြုံတွေ့ရခြင်း၊ သယ်ယူပို့ဆောင်ရမည့် လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိခြင်းနှင့် သယ်ယူစရိတ်များ ကြီးမြင့်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ဆည်ရေကြီးခြင်းတို့၏ စိုးရိမ်ရေမှတ်မတိုင်မီ ကြိုတင်အသိပေးရန် လိုအပ်ခြင်းနှင့် အယောင်ဆောင် ဒုက္ခသည်များ ပါရှိလာခြင်း စသည့်စိန်ခေါ်မှုများနှင့် ရေဘေးသင့်ပြည်သူများအား ရေဘေး လွတ်ကင်းရာသို့ လှေ၊ စက်လှေများ အသုံးပြု၍ ပြောင်းရွှေ့ပေးနိုင်ခဲ့ခြင်း၊ အစားအစာနှင့် သောက်ရေသန့်များအား မိသားစုများထံသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးနိုင်ခြင်း၊ မိသားစုများအား အဝတ်အထည်နှင့် တစ်ကိုယ်ရေအသုံးအဆောင်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေများအား ပံ့ပိုးပေးခြင်း၊ ရေတွင်း ရေကန်များအား ဆေးခတ်ပေးနိုင်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခြင်းအစရှိသည့် အောင်မြင်မှုများအား ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ M.C.D.R.R အဖွဲ့ဝင်များ၊ လူမှုဖွံ့ဖြိုးရေးအသင်း ၊ မြန်မာ့ရပ်ရွာ လူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေး ပူးပေါင်းအဖွဲ့ (M.C.C.R) နှင့် လူမှုရေးအသင်းများ တက်ရောက်ခဲ့သည်။

ယင်းအပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ ကရင်၊ ချင်း၊ ကချင် အစရှိသည့် တိုင်းနှင့်ပြည်နယ်များမှ အသင်း၊ အဖွဲ့အစည်းကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ရာ ကိုယ်စားလှယ် ၁၀၀ ခန့်ရှိကြောင်း၊ ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲများကို မကွေး၊ ရန်ကုန်၊ မန္တလေးနှင့် ကရင်ပြည်နယ်တို့တွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

**ကောင်းသုတ(မင်းဘူး)**



## စပါးခြွေလှေ့စက်များ အသုံးပြုလာခြင်းကြောင့် တောင်သူများ လုပ်ငန်းတွင်ကျယ်လာ


**ကျွန်းလှ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ တောင်သူများ စပါးခြွေလှေ့စက်များ အသုံးပြုလာကြခြင်းကြောင့် အချိန်ကုန်လူမပန်းဘဲ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ် ငါးပတ်အိုင်ကျေးရွာသည် သဖန်းဆိပ်ဆည်အနီးရှိပြီး တောင်သူလုပ်ငန်းလုပ်ကိုင်ကြကြောင်း၊ မိုးစပါးအပြင် ဆည်ရေကျချိန်တွင် နွေစပါးကိုလည်း စိုက်ပျိုးကြကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မနောသုခ၊ ရွှေဝါထွန်း၊ MI-9 စပါးမျိုးများ စိုက်ပျိုးကြကြောင်း၊ ယခင်က စပါးနယ်ရာတွင် ကျွဲ၊ နွားများကို အားကိုးရာမှ ယခုအခါ စပါးခြွေလှေ့စက်များ အသုံးပြုလာကြသည့်အတွက် အလေအလွင့်နည်းပါးပြီး အချိန်ကုန်လူမပန်းဘဲ လုပ်ငန်းတွင်ကျယ်ကြောင်း တောင်သူဦးညွန့်ဝေက ပြောသည်။

“စပါးခြွေလှေ့စက်ငှားရမ်းသူတွေကတော့ စပါးတင်း ၁၀၀ ကျရင် လေးတင်းပေးရပါတယ်။ အနီးဝန်းကျင်ကျေးရွာတွေအထိ သွားရောက်ခြွေပေးတဲ့အတွက် ဒီနှစ်စပါးခြွေခ နွေစပါးတင်း ၁၇၀၊ မိုးစပါးတင်း ၁၀၀ ရရှိပါတယ်”ဟု စက်ပိုင်ရှင်ဦးတင်အုံးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**




## လယ်ဝေးမြို့နယ်တွင် တိုင်းရင်းဆေး အခမဲ့ကုသ၊ အသိပညာပေး

**လယ်ဝေး ဒီဇင်ဘာ ၂၀**

ကျေးလက်နေပြည်သူများ မိမိတို့အနီးဝန်းကျင်တွင်ရှိသည့် ဆေးဖက်ဝင်အပင်များနှင့် မိမိတို့နေ့စဉ် စားသုံးနေသည့် အစားအစာများထဲမှ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးကာ ကျန်းမာသည့်လူနေမှုဘဝများ ရရှိစေရန် တိုင်းရင်းဆေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးကုသခြင်း လုပ်ငန်းများကို လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဦးစီးဌာနနှင့် ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်းရှိကျေးရွာသုံးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ်အတွင်းရှိ သစ်တောရွာ၊ ဝင်တဲကူးရွာနှင့် မြောက်သာယာ ကျေးရွာများသို့ သွားရောက်၍ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ဆေးခန်းမှူး ဒေါ်အေးအေးအောင်နှင့် ဝန်ထမ်းများက တိုင်းရင်းဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်(ဝေကြည်-လယ်ဝေး)က အသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြသခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်သို့ မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲတက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဒေါက်တာဝင်းမြင့်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ကျေးရွာပြည်သူစစ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက လားရှိုးမြို့နယ် နမ္မဗောဒ၊ အီနိုင်းနှင့် ဟိုပိတ်ကျေးရွာကိုယ်စားလှယ်များထံ နယူးစတားလိုက်ကုမ္ပဏီမှ လှူဒါန်းသည့် မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ ပရဝဏ်အတွင်း လွှဲပြောင်းပေးအပ်သည့် မီးသတ်ယာဉ်များနှင့် လူနာတင်ယာဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)**အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နယူးစတားလိုက်ကုမ္ပဏီမှ လားရှိုးမြို့နယ် နမ္မဗောဒကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် လူနာတင်ယာဉ်တစ်စီး၊ အီနိုင်းကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် ဟိုပိတ်ကျေးရွာသို့ လူနာတင်ယာဉ်တစ်စီးတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခုတင် (၅၀၀)ဆံ့ လားရှိုးအထွေထွေရောဂါကုဆေးရုံကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဆောင်ရွက်နေသည့် ဆေးရုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် JICA မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး) ဧည့်ခန်းမ၌ ဒုတိယသမ္မတအား လားရှိုးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်က ဆေးရုံကြီးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီးကို ယခုထက် ပိုမိုကောင်းမွန်အောင် ပြုပြင်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များပါဝင်သည့် စနစ်ကျ၍ပြီးပြည့်စုံသောစီမံချက်ဖြစ်စေရန် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# မြန်မာ-ထိုင်း ပြည်သူများ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး စက်ဘီးစီးအားကစား ပူးပေါင်းပါဝင်ဆင်နွှဲ

**တာချီလိတ် ဒီဇင်ဘာ ၂၀**

မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် အခြားကဏ္ဍများ ပိုမိုရင်းနှီးပွင့်လင်းစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ အားကစားဖြင့် ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်ဘီးအားကစားသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် နှစ်နိုင်ငံစက်ဘီးစီးအားကစားသမားများက တပျော်တပါး စက်ဘီးစီးခြင်းကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့တို့တွင် ပြုလုပ်သည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ယုဝဝမ်းစက်ဘီးလေ့ကျင့်ရေးကွင်းတွင် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန် Miss. Wannasiri Morakun၊ ချင်းရိုင်ခရိုင်မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စက်ဘီးစီးကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ နှစ်နိုင်ငံစက်ဘီးအားကစားသမား ၄၅၀ ကျော်တို့က ယင်းလေ့ကျင့်ရေးကွင်းမှစတင်၍ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)မှတစ်ဆင့် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ပျော်ရွှင်စွာစုပေါင်းစက်ဘီးစီးခဲ့ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီရင်ပြင်တော်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက စက်ဘီးစီးအားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရွှေတိဂုံစေတီတော်ပုံတူ ပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန်က လက်ခံရယူသည်။ ထို့နောက် ထိုင်းနိုင်ငံ စက်ဘီးစီးအားကစားအဖွဲ့မှ တာချီလိတ်မြို့နယ် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ထိုင်းဘတ်ငွေ ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှတို့က လက်ခံရယူသည်။

ယင်းနောက် နှစ်နိုင်ငံ စက်ဘီးစီးအားကစားအဖွဲ့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာပြီး မယ်ဆိုင်မြို့အတွင်း ကီလိုမီတာ ၄၀ အား စုပေါင်းပျော်ရွှင်စွာ လှည့်လည်စီးကြကာ တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုများ ချီးမြှင့်ပေးသည်။

အဆိုပါစက်ဘီးစုပေါင်းစီးခြင်းကို ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနမှ တစ်နှစ်တာအတွင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကို ချင်းရိုင်ခရိုင်တွင် အိမ်နီးချင်း အာဆီယံနိုင်ငံများဖြစ်သော လာအိုနိုင်ငံနှင့် ကမ္ဘောဒီယားနိုင်ငံတို့တွင် ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်ကို မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့တွင် ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



*** ရွှေဖုံးမှ**

အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်အစတွင် မုံရွာမြို့ကားအသင်းများမှ မုံရွာ-အလောင်းတော်ကဿပ-မုံရွာနေ့ချင်းပြန်ခရီးစဉ်ကို မှန်လုံယာဉ်ကြီးများ၊ အန်စာတုံးဟုခေါ်သော မှန်လုံယာဉ်များဖြင့် ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ်တစ်သောင်းနှင့် တစ်သောင်းခွဲကြား ပြေးဆွဲမည်ဖြစ်သလို မှန်လုံကားစင်းလုံးငှားစနစ်ဖြင့် နေ့ချင်းပြန်အငှားလိုက်ခြင်းကို ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာကားအသင်းတွေစုပေါင်းပြီး အလောင်းတော်ကဿပခရီးစဉ်အစမှာ ကုသိုလ်ဖြစ်တစ်ရက်လောက် အခမဲ့ပို့ပေးရင် ဘုရားဖူးတွေအတွက်လည်း အဆင်ပြေ၊ ကားအသင်းတွေလည်းကုသိုလ်ရ၊ ဘုရားဖူးတွေရဲ့ အာရုံစိုက်မှုကို ပိုရစေနိုင်ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူးရာသီမှာ ပြေးဆွဲတဲ့ကားအသင်းတွေလို ကားအသင်းနှစ်ပတ်လည် နေ့ရောက်တိုင်း တောင်တက်တောင်ဆင်း တစ်ရက်တာ အခမဲ့ပြေးဆွဲပေးသလိုမျိုးပေါ့"ဟု နှစ်စဉ်အလောင်းတော်ကဿပသို့ ဘုရားဖူးသွားသူ မုံရွာမြို့ခံတစ်ဦးက အကြံပြုပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်)

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့၊ လွိုင်လင်မြို့၊ ဖလမ်းမြို့နှင့် ခန္တီးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ အမ်းမြို့တွင် သုည ဒသမ ၈၆ လက်မနှင့် ဗန်းမော်မြို့တွင် သုည ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။



# တရုတ်နိုင်ငံတောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ လူပေါင်း ၄၁ ဦး ပျောက်ဆုံးနေ

**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံတောင်ပိုင်းရှိ စက်မှုဇုန်တစ်ခု၌ ဒီဇင်ဘာ ၂၀ ရက်က မြေပြိုမှုကြီးဖြစ်ပွားခဲ့ရာ အဆောက်အအုံ ၂၂ လုံး မြေအောက်သို့ ရောက်ရှိသွားပြီး လူပေါင်း ၄၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဟောင်ကောင်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ရှန်းကျန်းမြို့ရှိ စက်မှုဇုန်၌ မြေပြိုမှုဖြစ်ပွားခဲ့ရာတွင် အရေးပေါ်ကယ်ဆယ်ရေး လုပ်သား ၁၅၀၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကယ်တင်ခံရသူ ခုနစ်ဦးအနက် ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဒီဇင်ဘာ ၂၀ ရက် နံနက်က မြေပြိုမှုဖြစ်ပွားခဲ့ရာတွင် အလုပ်သမားအိပ်ဆောင်နှစ်လုံးအပါအဝင် အဆောက်အအုံ ၂၂ လုံး မြေအောက်သို့ရောက်ရှိခဲ့ကြောင်း၊ မည်သည့်အကြောင်းကြောင့် မြေပြိုမှုဖြစ်ရသည်ကို မသိရသေးကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# အိန္ဒိယ၌ ဓာတ်ပေါင်းဖိုများတည်ဆောက်ရေးနှင့် စစ်ရဟတ်ယာဉ်များထုတ်လုပ်ရေး ဝန်ကြီးချုပ်မိုဒီ မျှော်မှန်း

**နယူးဒေလီ ဒီဇင်ဘာ ၂၀**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ယခုရက်သတ္တပတ်အတွင်း မြို့တော်မော်စကိုသို့ သွားရောက်သည့်အခါ ရုရှားနည်းပညာဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ရေးနှင့် စစ်ရဟတ်ယာဉ်များကို နှစ်နိုင်ငံပူးတွဲထုတ်လုပ်ရေးကိစ္စရပ်များနှင့်သက်ဆိုင်နေသော သဘောတူညီချက်များရရှိမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် ကာမော့-၂၂၆ တီအမျိုးအစား ရဟတ်ယာဉ်များကို ပူးတွဲထုတ်လုပ်နိုင်ရေးအတွက် ဖက်စပ်လုပ်ငန်းတစ်ရပ်ကို ထူထောင်မည်ဖြစ်ကြောင်း အိန္ဒိယနှင့်ရုရှားတာဝန်ရှိသူများက ပြောကြားကြသည်။ ယင်းမှာ ပြည်တွင်း၌ စက်မှုလုပ်ငန်းဆိုင်ရာ အခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန်နှင့် အဖိုးစားနားကြီးမားလှသည့် စစ်ဘက်ဆိုင်ရာပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရမှုအပေါ် လျှော့ချရန်ဟူသော မိုဒီရည်မှန်းချက်နှင့် ကိုက်ညီကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဝန်ကြီးချုပ် မိုဒီသည် ဒီဇင်ဘာ ၂၃ ရက်တွင် မြို့တော် မော်စကိုသို့ သွားရောက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော အဏုမြူဓာတ်ပေါင်းဖို ခြောက်လုံးတည်ဆောက်ရေးကိစ္စကို ဆွေးနွေးမည်ဟု နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံ တမီနာဒူးလ်ပြည်နယ်၌ ရုရှားနိုင်ငံက နျူကလီးယားစက်ရုံတစ်ရုံကို တည်ဆောက်လျက်ရှိသည်။

**ရိုက်တာ။**



# ဆီးရီးယားတွင် စစ်အင်အားတိုးဖွယ်ရှိဟု ပူတင်ပြော

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားနိုင်ငံတွင်ရှိသည့် အစ္စလာမ့်စစ်သွေးကြွအဖွဲ့(အိုင်အက်စ်)တို့ကို တိုက်ခိုက်ရန်အတွက် ရုရှားစစ်အင်အားကို ပိုမိုတိုးချဲ့သွားဖွယ်ရှိကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။

ပူတင်က လုံခြုံရေးအဖွဲ့ဝင်များနှင့် အခြားသော ပုဂ္ဂိုလ်များကို မော်စကိုမြို့တော်တွင် စနေနေ့က မိန့်ခွန်းပြောကြားစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ရုရှားတိုက်လေယာဉ်မှူးများနှင့် ထောက်လှမ်းရေးအရာရှိများသည် ရုရှားကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့တွင် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ခေတ်မီလက်နက်များကိုလည်း အသုံးပြုတိုက်ခိုက်လျက်ရှိကြောင်း ပူတင်က ပြောကြားသည်။ ထို့ပြင် လိုအပ်ပါက ဆီးရီးယားနိုင်ငံတွင် စစ်အင်အားပိုမိုအသုံးပြုသွားမည်ဟုလည်း ပြောကြားသည်။

ရုရှားတိုက်လေယာဉ်များသည် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လတ်တီကာနယ်စပ်တွင် လေတပ်အခြေစိုက်စခန်းတစ်ခုထားရှိကာ အိုက်အက်စ်စစ်သွေးကြွများနှင့် အခြားသော ပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။ ရုရှားစစ်တပ်သည် ကက်စပီယန်ပင်လယ်တွင်းရှိ စစ်သင်္ဘောများနှင့် မြေထဲပင်လယ်ရှိ ရေငုပ်သင်္ဘောများမှ ခရုဇ်ဒုံးကျည်များ၊ တာဝေးဗုံးကြဲလေယာဉ်များဖြင့် တိုက်ခိုက်လျက်ရှိသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များသည်လည်း ဆီးရီးယားအိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ အကြမ်းဖက်ဝါဒတိုက်ဖျက်မှုအတွက် ရုရှား၏ပူးပေါင်းဆောင်ရွက်မှုမပါဘဲ အောင်မြင်မှုရရှိမည်မဟုတ်ကြောင်း မှတ်ချက်ပြုသည်။ **အင်န်အိတ်ချ်ကေ။**

# ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် ပြည်သူ့ဆန္ဒခံယူမည်



**လန်ဒန် ဒီဇင်ဘာ ၂၀**

ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်သင့်၊ မသင့်ကို ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ၂၀၁၆ ခုနှစ်တွင် လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၉ ရက်တွင် ဘရပ်ဆဲမြို့တွင် ကျင်းပသော ဥရောပနိုင်ငံများ ထိပ်သီးအစည်းအဝေးပွဲပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက မီဒီယာများသို့ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန်အတွက် ဗြိတိန်နိုင်ငံ၏ အဆိုပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် ဥရောပခေါင်းဆောင်များက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်တွင် ပြန်လည်တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် ရပ်တည်နေခြင်းနှင့်ပတ်သတ်ပြီး ပြည်သူများ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေခြင်းကို ၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် သိသာရှင်းလင်းသော ဆုံးဖြတ်ချက်များချမှတ်နိုင်လိမ့်မည်ဟု ဝန်ကြီးချုပ်ကင်မရွန်းက ဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် ဗြိတိန်နိုင်ငံသို့ စစ်ဘေးရှောင် ဒုက္ခသည်အများအပြား ဝင်ရောက်လာမှုကြောင့် နိုင်ငံရှိ ကျောင်းများ၊ ဆေးရုံများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများ နေ့စဉ်နှင့်အမျှ အလုပ်ဝန်ပိနေကြကြောင်းဝန်ကြီးချုပ်က နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသော ကိစ္စရပ်များကို ချပြဆွေးနွေးခဲ့သည်။

ဥရောပသမဂ္ဂနိုင်ငံအချို့မှ စစ်ဘေးရှောင်ဒုက္ခသည်များသည် ဗြိတိန်နိုင်ငံ၏ အခြေခံဝန်ဆောင်မှုများကိုရရှိခံစားရန် လေးနှစ်စောင့်ဆိုင်းရန်လိုအပ်ကြောင်း ဗြိတိန်နိုင်ငံက အဆိုပြုထားသည်။

ဗြိတိန်နိုင်ငံ၏အဆိုပြုချက်ကို ပိုလန်နိုင်ငံနှင့် အခြားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ရှုတ်ချကြသည်။

ဗြိတိန်ပါလီမန်က ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သင့်၊ မသင့်ကိုမူ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်း လိုက်ပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်း တရုတ်နည်းပညာဖြင့် ဖောက်လုပ်မည်

**ဂျကာတာ ဒီဇင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာမှ ဘန်ဒေါင်းမြို့သို့ ဆက်သွယ်မည့် အမြန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်းစီမံကိန်းမှာ သုံးနှစ်စီမံကိန်းဖြစ်ပြီး ရန်ပုံငွေ ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ သုံးစွဲဆောင်ရွက်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံပိုင် ကုမ္ပဏီများပါဝင်သော အုပ်စုတစ်စုနှင့် တရုတ်နိုင်ငံတကာရထားကုမ္ပဏီတို့က ဖက်စပ်လုပ်ငန်း တစ်ရပ်အဖြစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သော ပီတီကာရီတာ ဆီပက် အင်ဒိုနီးရှား-တရုတ် အမည်ရှိ ကုမ္ပဏီက စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းကို အင်ဒိုနီးရှားက ပိုင်ဆိုင်ပြီး ၄၀ ရာခိုင်နှုန်းကို တရုတ်က ပိုင်ဆိုင်သည်။

အမြန်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် အင်ဒိုနီးရှားအစိုးရအဖွဲ့က ဂျပန်ကိုမရွေးချယ်ဘဲ တရုတ်ကိုရွေးချယ်ခဲ့သည်။

တရုတ်နိုင်ငံသည် အင်ဒိုနီးရှားအစိုးရအဖွဲ့အား ချေးငွေများကို ထုတ်ပေးရန် အသင့်ရှိနေသည်။ ကုန်ကျစရိတ်သက်သက်သာသာဖြင့် အမြန်ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက် တရုတ်ကို ရွေးချယ်ရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**

# ခရစ်တော်မွေးနေ့(ခရစ္စမတ်)အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာနှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ပူးတွဲကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ခရစ်တော် မွေးနေ့တော်(ခရစ္စမတ်)အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲအား ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ စိန်မေရီကသီဒြယ်ဘုရားကျောင်း၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရစ်ယာန်ဘာသာဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဖာသာရ်ဂျိုးဇက်မောင်ဝင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး ဖိတ်ခေါ်ခြင်း၊ ဆုတောင်းခြင်း၊ ဓမ္မသီချင်းသီကျူးခြင်းတို့ကို ဆောင်ရွက်သည်။ ဆက်လက်၍ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ သိက္ခာတော်ရ ဆရာတော် ဂွန်စောယောဟန်နှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ ဦးစောပက်ထရစ်လူနီတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မေတ္တာတရားအခြေခံနှင့် ဟောကြားခဲ့သည့် ခရစ်တော်၏တရားတော်များသည် လူ့လောကကြီး ယဉ်ကျေးသိမ်မွေ့အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ လူတို့ကသင့်အပေါ် ပြုမူစေချင်တဲ့အတိုင်း သင်ကလည်း သူတစ်ပါးအပေါ်ပြုမူပုံကို ညွှန်ပြခဲ့ကြောင်း၊ လူအချင်းချင်း စာနာရန်၊ သနားကရုဏာဖြင့်ဆက်ဆံရန် ညွှန်ပြခဲ့ကြောင်း၊ နိုင်ငံတစ်ခုအတွင်းမှာ အချင်းချင်း တိုက်ခိုက်မှုပြုကြလျှင် မတည်တံ့နိုင်ကြောင်း၊ မိသားစုအတွင်းမှာလည်း အချင်းချင်းဆန့်ကျင် ကွဲပြားနေကြမည်ဆိုလျှင် မအောင်မြင်နိုင်ဟု ဟောကြားထားကြောင်း၊ ဗုဒ္ဓဘာသာဝင်တို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးနှင့် ခရစ်ယာန်ဘာသာဝင်တို့၏ မေတ္တာအခြေခံသည့် သည်းခံခွင့်လွှတ်မှုတို့သည် ကမ္ဘာ့လူသားများ ငြိမ်းအေးစေမှုကို ရှေးရှုကြသည်ဆိုတာကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ခရစ်တော်၏ ဟောကြားချက်များနှင့်အညီ ခရစ်တော်၏ ကျေးဇူးတော်ကို အဖန်ဖန်ပွားများကြလျက် လိုက်နာကျင့်သုံး နေထိုင်ကြသကဲ့သို့ မိမိတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ အကျိုးကို အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးပေးစွမ်းနိုင်ကြသည့် ဘုရားသခင်၏ သားကောင်းသမီးမွန်များ ဖြစ်ကြပါစေဟု ဆုတောင်းကြောင်း ပြောကြားခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ အစီအစဉ်အရ ဓမ္မသံစုံကျူးခြင်း၊ ကိုယ်စားပြုဆုတောင်းခြင်းတို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဘုန်းတော်ကြီး ဒေါက်တာပါဆန်းက အထူးဆုတောင်းခြင်း ပြုလုပ်သည်။ ဆက်လက်၍ သမ္မာကျမ်းစာဖတ်ခြင်း အစီအစဉ်အားဆောင်ရွက်ပြီး မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာစောရွှေလင်းက ခရစ္စမတ် ဓမ္မဒေသနာ ဟောကြားခြင်းကို ဆောင်ရွက်ကာ ကျေးဇူးတင်စကားပြောကြားခြင်း၊ ဓမ္မသီချင်းသီကျူးခြင်းတို့ကို ဆောင်ရွက်သည်။ ဆက်လက်ပြီး မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)ဂိုဏ်းချုပ်ဆရာတော် ဒေါက်တာဖိုးထန်မေယာက ကောင်းချီးမင်္ဂလာပြုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# မြန်မာနိုင်ငံ၏ အကောင်းဆုံးပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆုနှင့် အကောင်းဆုံး ပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆုများ ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံ အကောင်းဆုံး ပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆု (The Best Life Insurance Company in Myanmar 2015)နှင့် အကောင်းဆုံး ပုဂ္ဂလိကအထွေထွေအာမခံလုပ်ငန်းဆု (The Best General Insurance Company in Myanmar 2015) များကို မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းအား ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အကောင်းဆုံး အာမခံဆုများ ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က London Stock Exchange ၌ ကျင်းပခဲ့ရာ ကမ္ဘောဇကုမ္ပဏီများအုပ်စု နာယက ဦးအောင်ကိုဝင်း၊ IKBZ အာမခံလုပ်ငန်း ဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး IKBZ အာမခံလုပ်ငန်း ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က ဆုများကို လက်ခံရယူခဲ့သည်။**(အပေါ်ယာပုံ)**




အကောင်းဆုံး အာမခံလုပ်ငန်းဆုများ ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ဖော်ပြရာတွင် "ကမ္ဘာ့အာမခံသမိုင်းတွင်လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ အာမခံလုပ်ငန်းများ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လုပ်ဆောင်လာကြကြောင်း၊ ယင်းသို့ တိုးတက်လုပ်ဆောင်လာကြသော အာမခံလုပ်ငန်းများအနက် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံး အာမခံအဖွဲ့အစည်းများကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယင်းတို့အနက် မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းအား နိုင်ငံတော်မှ ပုဂ္ဂလိက အဖွဲ့အစည်းများကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပေးသည့် လွန်ခဲ့သည့် သုံးနှစ်ကာလအချိန်တိုအတွင်း တစ်ဟုန်ထိုးမြန်ဆန်စွာ တိုးတက်လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့တော်ရန်ကုန်တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ရုံးခွဲ(၁၄)ခုဖွင့်လှစ်ပြီး ပြည်သူများ၏ အာမခံလုပ်ငန်း လိုအပ်ချက်များကို အနီးကပ်ဖြည့်ဆည်း ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသော အာမခံလုပ်ငန်းမူဝါဒ ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ အောင်မြင်တိုးတက်အောင် လိုက်နာဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကအာမခံလုပ်ငန်းဈေးကွက်၏ ၃၅ ရာခိုင်နှုန်းကျော်ရရှိပြီး ပုဂ္ဂလိက အာမခံလုပ်ငန်းများအနက် အာမခံပရီမီယံငွေ အများဆုံးရရှိခဲ့ကြောင်း၊ အာမခံလျော်ကြေးငွေများ ထုတ်ပေးရာတွင်လည်း အခင်းဖြစ်ပွားသည်နှင့် အချိန်နှင့်တစ်ပြေးညီ လျော်ကြေးငွေများကို အမြန်ဆုံး ထုတ်ပေးနိုင်သည့်အတွက် ပြည်သူများက ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ပိုမိုယုံကြည်လာစေခဲ့ကြောင်း" ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို တောင်ကိုရီးယားနိုင်ငံမှ SAMSUNG နှင့် Hanwha(Life)၊ မလေးရှားနိုင်ငံမှ MSIG Insurance နှင့် AIA (Life)၊ ဟောင်ကောင်နိုင်ငံမှ AXA General Insurance နှင့် HSBC Insurance (Life) အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း (၅၈) နိုင်ငံမှ အာမခံ ကုမ္ပဏီများက ရရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❖ ❖ ❖

# ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများတွင် ညစာစားပွဲပြုလုပ်၍ ခရီးသွားဝန်ဆောင်မှုများ မပြုလုပ်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက တားမြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများတွင် ညစာစားပွဲများပြုလုပ်၍ ခရီးသွားဝန်ဆောင်မှုပေးအပ်ခြင်းများ မပြုလုပ်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက တားမြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဒီဇင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများတွင် ခရီးသွားဆွဲဆောင်မှုနှင့် ဝန်ဆောင်မှုတိုးမြှင့်ပေးအပ်သည့်အနေဖြင့် ညစာစားပွဲများ ကျင်းပနေခြင်းကို ရှေးဟောင်းသုတေသနပညာရှင်များ၊ ဝါရင့်ဧည့်လမ်းညွှန်များ၊ သမိုင်းပညာရှင်များနှင့် အများပြည်သူတို့က ဝေဖန်ကန့်ကွက်မှုများ ရှိခဲ့ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း ယင်းသို့ပြုမူနေခြင်းများကို တားမြစ်လိုက်ပြီး အမြဲမပြတ် စောင့်ကြည့်စစ်ဆေးရန် ညွှန်ကြားထားကြောင်း သိရသည်။

"အရင်က ပုဂံဘုရားတွေမှာလုပ်တာ ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီအပေါ်မှာလည်း ရေးသားဝေဖန်တာတွေ တွေ့ဖူးတယ်။ တကယ်က လိုအပ်တဲ့ဝန်ဆောင်မှုထက်ပိုပြီး ပေးအပ်နေတာတွေ တွေ့ရတယ်။ တန်ဖိုးဖြတ်မရတဲ့ ရှေးဟောင်း အမွေအနှစ်တွေဖြစ်တဲ့အတွက် မွေးနေ့လုပ်လုပ်၊ ပါတီလုပ်လုပ်၊ နိုင်ငံခြားသားတွေအတွက် ညစာစားပွဲလုပ်လုပ် မသင့်တော်ဘူးလို့ မြင်ပါတယ်" ဟု ဝါရင့် ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ရာတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် သမိုင်းဝင် မင်းလှခံတပ်တွင် ခရီးသွားကုမ္ပဏီတစ်ခုက ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံခြားသားဧည့်သည်များအား ရှေးခေတ် မင်းခမ်းမင်းနားပုံစံဖြင့် ညစာစားပွဲကျင်းပကာ ဝန်ဆောင်မှုပေးခဲ့သဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဆောင်ရွက်သည့် ခရီးသွားကုမ္ပဏီအား မြန်မာ့ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်သဖြင့် နောင်တွင်မပြုလုပ်ရန် ဆွေးနွေးရှင်းပြတားမြစ်ခဲ့ပြီး အခြားဒေသအသီးသီးရှိ ဌာနခွဲ၊ ဌာနစုများသို့လည်း ဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများတွင် အမျိုး၊ ဘာသာ၊ သာသနာ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများ၊ ညစာစားပွဲ ဝန်ဆောင်မှုများ ခွင့်မပြုရန်၊ အထူးသဖြင့် မြန်မာ့တော်ဝင် မင်းညီမင်းသား၊ မှူးကြီးမတ်ရာတို့၏ နန်းဝတ်နန်းစား၊ အဆောင်အယောင်၊ အပြင်အဆင်များဖြင့် ကြိုဆိုခြင်း၊ ဧည့်ခံခြင်း၊ ညစာစားပွဲကျင်းပခြင်းများ မပြုစေရန်အတွက် စောင့်ကြည့်ခြင်း၊ ဆွေးနွေးပညာပေးခြင်း၊ အမြဲမပြတ် စစ်ဆေးကြရန် အကြောင်းကြားခဲ့သည်ဟု သိရသည်။

**(ဆုနှင်းလဲ့)**

# ဘားအံမြို့၌မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြော

**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မဈေးကြီးနှင့် အမှတ်(၁)အဆင့်မြင့်စံပြဈေးသစ်တို့တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဈေးမီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်က ဈေးမီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောပြီး ဘားအံမြို့နယ် မီးသတ်ဦးစီးမှူးဦးအောင်ရဲမင်းက အရေးပေါ် မီးသတ်ပစ္စည်းကိရိယာများအကြောင်း ရှင်းလင်းပြောကြားကာ ဆီမီးလောင်မှုအား လက်တွေ့မီးငြိမ်းသတ်နည်းများသရုပ်ပြခြင်း၊ မီးသတ်ယာဉ်များ၊ အပေါ့စား မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် စည်ပင်ဝန်ထမ်း ၂၅ ဦး၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် အဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်လွင်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှ လျှပ်စစ်ကျွမ်းကျင်(၂)ဦးသန်းအောင်၊ မြို့နယ်စည်ပင်သာယာကော်မတီဝင် ဦးညဏ်လွင်၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဘူဒီမန်းနှင့် ဈေးသူဈေးသားများ စုစုပေါင်းအင်အား ၁၁၃ ဦးခန့် တက်ရောက်ကြပြီး မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ခြင်းအား ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စာကြည့်တိုက်ဖိုရမ် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကကြီးမှူး၍ တတိယအကြိမ် စာကြည့်တိုက်ဖိုရမ်ကို ဒီဇင်ဘာ ၂၉ ရက် (အင်္ဂါနေ့)ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ စာပေဗိမာန်ရုံးခန်းမ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ ဖိုရမ်တွင် "စာကြည့်တိုက်နှင့် စာရေးသူ"ခေါင်းစဉ်ဖြင့် စည်သူ ဒေါက်တာသော်ကောင်းနှင့် စာရေးဆရာမ မသီတာ(စမ်းချောင်း)တို့က ဆွေးနွေးဟောပြောကြမည် ဖြစ်သည်။

**(ချယ်ရီ)**

## ❍ တယ်လီနောမှ

တယ်လီနောကွန်ရက်၏ မိုဘိုင်းဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရန် တစ်နိုင်ငံလုံးအနေဖြင့် ဆက်သွယ်ရေးတာဝါတိုင် ၉၀၀၀ ဝန်းကျင်တည်ဆောက်ရန်လိုအပ်ကြောင်း တယ်လီနောမြန်မာမှ ဘဏ္ဍာရေးအရာရှိချုပ် လားစ်အဲရစ်ခ်တဲမန်းက ပြောကြားသည်။ **(The Star Online)**

# ရာသီဥတုပြောင်းလဲလာမှုကို ထိန်းနိုင်ကြမလား

ဒေါက်တာကံညွန့်

ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာညီလာခံကတော့ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံဟာ ယခင်ညီလာခံတွေနဲ့မတူဘဲ ရာသီဥတုပြောင်းလဲမှုကို တားဆီးနိုင်ဖို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေ သဘောတူညီမှုရခဲ့တာကြောင့် သမိုင်းဝင်လောက်အောင် အောင်မြင်မှုရခဲ့တဲ့ညီလာခံဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လောလောဆယ် ထုတ်ပြန်လိုက်တဲ့သတင်းအရ လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ရပ်ပေါင်း ၆၄၅၀ ခန့်ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်ရပ်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းဟာ Climate Change ရာသီဥတုပြောင်းလဲလာမှုကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ဒီသဘာဝဘေးအန္တရာယ်တွေကို ဆိုးဆိုးရွားရွားခံခဲ့ရတဲ့ နိုင်ငံတွေကတော့ တရုတ်၊ အမေရိကန်၊ အိန္ဒိယနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်တယ်လို့လည်း ထောက်ပြထားပါတယ်။ ဒါ့အပြင် ဟွန်ဒူးရပ်စ်၊ မြန်မာနဲ့ ဟေတီနိုင်ငံတို့မှာလည်း လူပေါင်းငါးသိန်းခန့် သေဆုံးခဲ့ရတယ်လို့လည်း ထောက်ပြထားပါတယ်။ ဒီနိုင်ငံတွေရဲ့နောက်မှာတော့ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်းနှင့် ဂွါတီမာလာနိုင်ငံတို့ ပါဝင်နေပါတယ်။

ယခုနှစ် နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာလ ၁၁ ရက်နေ့ထိ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာညီလာခံမတိုင်ခင် ဒီအစီရင်ခံစာထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ဒီညီလာခံဟာ ရာသီဥတုပြောင်းလဲမှုတားဆီးရေးနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့တာ (၂၁) ကြိမ်ရှိပြီဖြစ်လို့ ဒီညီလာခံကို အတိုကောက် COP21လို့ အမည်ပေးထားပါတယ်။

ယခုညီလာခံမှာ ယခင်ဆွေးနွေးပွဲတွေက အတည်ပြုထားခဲ့တဲ့ ကမ္ဘာ့အပူချိန်ကို လက်ရှိအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် လျှော့ချဖို့အတွက် ဦးတည်ဆွေးနွေးသွားကြတာဖြစ်ပါတယ်။

ယမန်နှစ် မတ်လတုန်းက ဂျပန်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ IPCC ခေါ်တဲ့ Intergovernmental Panel on Climate Change ညီလာခံက ကမ္ဘာကြီးပူနွေးလာမှုအတွက် အထူးသတိပေးချက် (SOS)ထုတ်ပြန်ထားခဲ့ပေမယ့် ဒီသတိပေးချက်ကို လိုက်နာတဲ့နိုင်ငံ အလွန်နည်းပါးတယ်လို့ ဆိုပါတယ်။

ဒီညီလာခံက ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုအတွက် အထူးအရေးပါတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချဖို့ ဆုံးဖြတ်ခဲ့ပေမယ့် နိုင်ငံကြီးတွေအပါအဝင် နိုင်ငံအများစုဟာ မလိုက်နာနိုင်ခဲ့ကြဘူးလို့ဆိုပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ကာဗွန်ထုတ်လုပ်မှု အများဆုံးနိုင်ငံတွေလည်းဖြစ်၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေလည်းဖြစ်တဲ့ အမေရိကန်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကလည်း နိုင်ငံငယ်လေးတွေကို စာနာထောက်ထားပြီး ငွေကြေးနဲ့ နည်းပညာအထောက်အပံ့တွေပေးဖို့ ဆွေးနွေးခဲ့ကြတာတွေ့ရပါတယ်။ ဒီအထဲက အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီကလည်း နေရောင်ခြည်အမြဲရနိုင်တဲ့ နိုင်ငံငယ်ပေါင်း ၁၀၀ ကျော်မှာ နေရောင်ခြည်က ထုတ်လုပ်မယ့် စွမ်းအင်ရရှိအောင် အထောက်အပံ့ပေးဖို့ သဘောတူခဲ့ကြပါတယ်။ စွမ်းအင်ထုတ်လုပ်မှုကို ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတွေကိုသာ အသုံးပြုပြီး မထုတ်လုပ်ကြဘဲ နေရောင်ခြည်၊ ရေအားစတဲ့ ကာဗွန်ဓာတ်ငွေ့မထွက်လာနိုင်တဲ့နည်းတွေနဲ့ ပိုမိုလုပ်ဆောင်ဖို့ သဘောတူခဲ့ကြတာဖြစ်ပါတယ်။

ဒီအစည်းအဝေးပွဲကြီး မစခင်လေးမှာပဲ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ လက်အောက်ခံအဖွဲ့ကြီးဖြစ်တဲ့ WMO ခေါ်တဲ့ World Metological Organization အဖွဲ့ကြီးကလည်း ဒီနှစ်ဟာ ကမ္ဘာကြီးရဲ့ အပူဆုံးနှစ်ဖြစ်တယ်လို့ သတိပေးထားပါတယ်။ ဒါကြောင့်လည်း ဒီဆွေးနွေးပွဲရဲ့ ဦးတည်ချက်တွေဖြစ်တဲ့ ကမ္ဘာကြီးရဲ့အပူချိန်ကို ၂ ဒီဂရီစင်တီဂရိတ် ထက်မပိုအောင် ထိန်းသိမ်းရေး၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို တတ်နိုင်သလောက်လျှော့ချရေး၊ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက် အရေးပါတဲ့ သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။

လေထုညစ်ညမ်းမှု အဆိုးဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံမှာ ယခုအခါ ပေကျင်းမြို့တော်ကို အနီရောင်အဆင့်သတ်မှတ်ပြီး သတိပေးနေရသလို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်မှာလည်း ကားသုံးစွဲမှုကို ရက်ခြားပြုလုပ်ဖို့ စီစဉ်နေတာတွေ့ရပါတယ်။

ကမ္ဘာမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှုအများဆုံးနိုင်ငံတွေထဲမှာ တရုတ်၊ အမေရိကန်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ ထိပ်ဆုံးက ပါဝင်နေပါတယ်။ တရုတ်နိုင်ငံရဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံရဲ့ ကာဗွန်ဓာတ်ထုတ်လုပ်မှု စုစုပေါင်းထက် နှစ်ဆပိုများတယ်လို့ ဆိုပါတယ်။ အခု ပြုလုပ်နေတဲ့ ပါရီမြို့က COP 21 ညီလာခံမှာလည်း ဒီနိုင်ငံကြီးသုံးနိုင်ငံက ခေါင်းဆောင်တွေဟာ စိတ်အားထက်သန်စွာ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ ဒီညီလာခံမှာ နိုင်ငံပေါင်း ၁၉၅ နိုင်ငံကခေါင်းဆောင်တွေ တတ်ရောက်နေကြတာပါ။ ဒီညီလာခံမကျင်းပမီ လန်ဒန်အခြေစိုက် ရာသီဥတုလေ့လာစောင့်ကြည့်ရေး အဖွဲ့တစ်ခုရဲ့ အစီရင်ခံစာအရ ကမ္ဘာမှာချမ်းသာတဲ့ နိုင်ငံတွေရဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှုဟာ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး ဆင်းရဲတဲ့နိုင်ငံတွေရဲ့ ထုတ်လုပ်မှုဟာ ၁၀ ရာခိုင်နှုန်းခန့်သာရှိတယ် လို့ဆိုပါတယ်။

ကမ္ဘာကြီးမှာ လူဦးရေသန်းခုနစ်ထောင်ကျော်ရှိလာပြီဖြစ်လို့ စွမ်းအင်လိုအပ်ချက်ဟာလည်း နဂိုကထက် ပိုများလာပြီဖြစ်တယ်။ လာမယ့် ၂၀၂၀ ခုနှစ်ကျရင် ကမ္ဘာ့လူဦးရေသန်း ၉၀၀၀ နီးပါးရှိလာနိုင်တယ်။ ယခု လောလောဆယ်မှာ လူသန်းသုံးထောင်ခန့်ဟာ လျှပ်စစ်မီးလုံလောက်စွာ မသုံးစွဲဘဲနေရတာဖြစ်ပြီး ၂၀၂၀ ခုနှစ်လောက်မှာ လျှပ်စစ်မီးမသုံးစွဲရသည့် လူပေါင်းသန်းငါးထောင် တိုးလာနိုင်တာကြောင့် စွမ်းအင်ထုတ်လုပ်မှု ပိုမိုလိုအပ်မှာဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ထောက်ပြထားပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားတိုးတက်ရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေးမှာ အဓိကလိုအပ်ချက်ဟာ စွမ်းအင်ဖြစ်ပါတယ်။ ဒီစွမ်းအင်လိုအပ်ချက်အတွက် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတွေမှာ ပြဿနာမရှိပေမယ့် ဖွံ့ဖြိုးစနိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေမှာတော့ ပြဿနာဖြစ်နေပါတယ်။

ဘာပဲဖြစ်ဖြစ် ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုရဲ့ အကျိုးဆက်တွေကတော့ တချို့နေရာတွေမှာ မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ တချို့နေရာတွေမှာ ပူပြင်းခြောက်သွေ့ခြင်း၊ အပူလှိုင်းဒဏ်ခံရခြင်း စသည်တို့ဖြစ်ပေါ်နိုင်ပါတယ်။ ဒါတွေရဲ့ အကျိုးဆက်ကတော့ မိုးရွာခြင်း၊ ရေကြီးခြင်းကြောင့်လည်းကောင်း၊ ပူပြင်းမှုလွန်ကဲခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးသီးနှံပင်များပျက်စီးပြီး စားနပ်ရိက္ခာမလုံလောက်ဖြစ်ခြင်း၊ ရေကြီးရေလျှံဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ပြင်းထန်သောအပူချိန်ကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ သေဆုံးကြရခြင်း၊ အိုဇုန်းလွှာပျက်စီးမှုများကာ ခရမ်းလွန်ရောင်ခြည်၏အန္တရာယ်ကို များစွာခံစားရခြင်းစတဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများပါ သက်ရောက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ပင်လယ်သမုဒ္ဒရာအတွင်းက ရေခဲပြင်များ အပူဒဏ်ကြောင့် အရည်ပျော်ကာ သမုဒ္ဒရာရေမြင့်တက်လာပါက ကျွန်းနိုင်ငံငယ်လေးတွေ ပျောက်ကွယ်နိုင်ခြင်းအန္တရာယ်ကိုပါ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ယခု လက်ရှိမှာ ရာသီဥတုပူပြင်းလာမှုဒဏ်ကို ခံစားနေကြရတာဟာ လွန်ခဲ့တဲ့နှစ် ၅၀ ခန့်က ပြုလုပ်ခဲ့တဲ့များပြားတဲ့ စက်မှုလုပ်ငန်းတွေက ထွက်လာခဲ့တဲ့ ကာဗွန်ဓာတ်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့များပြားလာမှု၊ စွမ်းအင်ထုတ်လုပ်မှု၊ သစ်ပင်၊ သစ်တောတွေကို များပြားစွာ ခုတ်ယူသုံးစွဲမှုစတာတွေကြောင့် ဖြစ်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ယခုပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှု တားဆီးရေးညီလာခံကြီးမှာ နိုင်ငံကြီးတွေနဲ့ နိုင်ငံငယ်လေးတွေ စုစုပေါင်း ၁၉၅ နိုင်ငံက သဘောတူခဲ့ကြတဲ့ အဓိကအချက်တွေကတော့-

(၁) ကမ္ဘာကြီးအပူချိန်ကို ယခင်ရှိခဲ့ပြီး အပူချိန်ထက် ၂ ဒီဂရီ ဆဲလ်ဆီယပ်ထက် လုံးဝမပိုအောင် ထိန်းသိမ်းရေး၊ (၁ ဒသမ ၅) အပိုလောက်ကို ထိန်းထားနိုင်ရေး။

(၂) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို ယခုရာစုနှစ် ပထမပိုင်းမှာ ထက်ဝက်ခန့် လျှော့ချနိုင်ရေး၊ ရာစုနှစ်ကုန်မှာ သုံညထိ လျှော့ချနိုင်ရေး။

(၃) ၂၀၂၀ ခုနှစ်မှစ၍ ငါးနှစ်တစ်ကြိမ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ ကာဗွန်ဓာတ်အပါအဝင်၊ ဖန်လုံအိမ်အာနိသင်ပါ(Green House) ဓာတ်ငွေ့ထုတ်လုပ်နေမှု လျော့ကျအောင် ဆောင်ရွက်နေမှုတို့ကို အစီရင်ခံရေး။

(၄) ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများအား နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့် ထောက်ပံ့ရေး။

(၅) စွမ်းအင်ထုတ်လုပ်မှုမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီရေးစတဲ့သမိုင်းဝင်မယ့် သဘောတူညီချက်တွေ ရရှိခဲ့တာကြောင့် ကမ္ဘာ့လူသားအားလုံးအတွက် ဝမ်းသာစရာသတင်းအဖြစ်တင်ပြလိုက်ရပါတယ်။ ။

**ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုအတွက် အထူးအရေးပါတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကိုလျှော့ချဖို့ ဆုံးဖြတ်ခဲ့ပေမယ့် နိုင်ငံကြီးတွေ အပါအဝင် နိုင်ငံအများစုဟာ မလိုက်နာနိုင်ခဲ့ကြဘူးလို့ ဆိုပါတယ်။**

## တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေဖော်ဆောင်ပေးသည့် ထင်းအစားထိုး လောင်စာတောင့်လုပ်ငန်း

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် ရပ်ကွက်/ကျေးရွာများတွင် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေဖော်ဆောင်ပေးသည့် ထင်းအစားထိုးလောင်စာတောင့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ လက်ရှိကာလတွင် လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ရှမ်းခေါက်ဆွဲဆိုင်များနှင့် အခြားစားသောက်ကုန်လုပ်ငန်းများတွင် ထင်းအစားထိုးလောင်စာတောင့်ကို အသုံးပြုမှုများလာသည်။

ထင်းအစားထိုးလောင်စာတောင့် ပြုလုပ်ရန်အတွက် ကုန်ကြမ်းအဖြစ် မီးသွေးမှုန့်၊ လွှစာနှင့် ရွှံ့စေးတို့ကိုသုံးရသည်။ လက်ရှိကာလ လွှာစာတစ်တင်းခွဲဝင်အိတ်တစ်အိတ်လျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ အထိပေးရသည်။မီးသွေးမှုန့်ကို တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀မှ ၁၈၀၀ အထိပေးရသည်။ ထင်းအစားထိုးလောင်စာတောင့်ပြုလုပ်ရန်အတွက် မြေစေးကို ရွှံ့စေးဖြစ်အောင် တစ်ညခန့်ကြိုတင် ရေနှပ်ထားရသည်။ နောက်မနက်ရောက်ပါမှ လွှစာမှုန့်၊ မီးသွေးမှုန့်တို့နှင့် အချိုးကျရောစပ်ကာ လောင်စာတောင့်ကို ပြုလုပ်ကြရသည်။

လောင်စာတောင့်ပြုလုပ်ရာတွင် ဒေသသတ်မှတ်သည့် စံနှုန်းများအနေဖြင့် လွှစာတစ်အိတ်၊ မီးသွေးငါးအိတ်၊ ရွှံ့စေးရှစ်ပုံးရောစပ်ကာ ပြုလုပ်ကြရသည်။ သတ်မှတ်ထားသော အချိုးအတိုင်းထည့်ပြီးပါက ပေါက်ပြားဖြင့် နှံ့အောင်မွှေကြရသည်။ မွှေသည့်ကျင်းကိုလည်း စနစ်တကျပြုလုပ်ထားရသည်။ မွှေပြီးနှံ့ပါက မိုခွက်ဖြင့်ထိုးကာ ပြန်ထုတ်ခြင်းဖြင့် လောင်စာတောင့်ကို ပြုလုပ်ကြ သည်။ မိုခွက်တွင် သွင်းနိုင်၊ ဆန့်ထုတ်နိုင်သည့် လက်ကိုင်တစ်ခုနှင့်ဆက်သွယ်ပြီး အလွယ်တကူသွင်းနိုင်၊ ထုတ်နိုင်အောင် စီမံထားသည်။

လူတစ်ဦးလျှင် တစ်နေ့လောင်စာတောင့် ၁၂၀၀ မှ ၁၃၀၀ အထိထုတ်လုပ်နိုင်သည်။ ကိုယ်ပိုင်လောင်စာတောင့် ထုတ်လုပ်သူများရှိသလို လူငှားဖြင့် ထုတ်လုပ်သူများလည်း ရှိသည်။လူငှားဖြင့်ပြုလုပ်ပါက တစ်နေ့လျှင်ငွေကျပ် ငါးထောင် ပေးရသည်။ ထင်းအစားထိုးလောင်စာတောင့် တစ်ခုခြောက်သွေ့ရန် လေးရက်မှငါးရက်အထိ နေလှန်းရသည်။



လက်ရှိကာလတွင် ထင်းအစားထိုး လောင်စာတောင့် အသုံးများလာသည့်အတွက် နေ့စဉ်ပုံမှန်ဝင်ငွေကို ဖော်ဆောင်ပေးသောလုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိသည်။ ထင်းအစားထိုးလောင်စာတောင့်တစ်တောင့်လျှင် ငွေကျပ် ငါးဆယ်နှုန်းဖြင့် ရောင်းချပြီး တစ်နှစ်ပတ်လုံးအလုပ်ဖြစ်သော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

**(တိမ်တမန်)**



## နှလုံး၊ သွေး၊ ရင်ခေါင်းရောဂါကုသရေးနှင့် သင်ကြားရေးအဆောက်အအုံသစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အများပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်မြင့်မား တိုးတက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်မှုဖြင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့် တော်ဝင်အထူးကုသဆောင်သစ်တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် နှလုံးရောဂါ၊ သွေးရောဂါ၊ ရင်ခေါင်းရောဂါများနှင့် ပတ်သက်၍ ဆေးဝါးကုသမှု ခံယူနိုင်တော့မည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးဝင်းအတွင်း၌ ပြုလုပ်သည့် အဆောက်အအုံသစ်လှူဒါန်းပွဲ အခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြည်သူ့ဆေးရုံများ တိုးချဲ့ဖွင့်လှစ် အဆင့်မြှင့်တင်ခြင်း၊ အထူးကုဌာနများတိုးချဲ့ဖွင့်လှစ်ခြင်း၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ဆေးကုသရေးစက်ကိရိယာများ ဝယ်ယူဖြည့်တင်းတပ်ဆင်ပေးခြင်း၊ ပြည်သူလူထုမှ စိုက်ထုတ်ကျခံသုံးစွဲရသော ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ် လျော့နည်းစေရန်နှင့် ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံး ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်းတို့အပြင် ပြည်ပပညာရှင်များအား ဖိတ်ခေါ်၍ ဆေးကုသမှုများ ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ အဆင့်မီဆေးရုံကြီးများ ပေါ်ပေါက်လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

" ဒီဆေးရုံမှာ သားဖွားဆောင်ရှိတယ်။ မီးယပ်ဆောင်ရှိတယ်။ မျက်စိ၊ နား၊ နှာခေါင်း ခွဲစိတ်ကုသမှုဌာနလည်း ရှိတယ်။ မွေးခါစကလေး ကုသဆောင်လည်းရှိတယ်။ အစုံရှိပါတယ်။ အခု အဆောင်သစ်က နှလုံးရောဂါ၊ သွေးရောဂါ၊ ရင်ခေါင်းရောဂါတွေအတွက် ကုတဲ့အခါ သီးခြားအဆောက်အအုံအနေနဲ့ရော၊ ပစ္စည်းကိရိယာအနေနဲ့ရော၊ ခွဲစိတ်ခန်းပါ လုပ်နိုင်တဲ့အတွက် လူနာတွေအတွက် ဆေးကုသမှုလုပ်ရာမှာ အများကြီးအထောက်အကူပြုမှာဖြစ်ပါတယ်။ မီးဖွားတဲ့လူနာ၊ ကလေးလူနာအားလုံးနဲ့ အတွင်းလူနာတွေ အားလုံးကိုလည်း ဓာတ်ခွဲစမ်းသပ်မှုတွေ အခမဲ့ဆောင်ရွက်ပေးပါတယ်။"ဟု မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဘုန်းရောင်က ပြောသည်။

တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကိုကိုထွေးက "ပိုက်ဆံတတ်နိုင်တဲ့သူတွေက တတ်နိုင်သလို နိုင်ငံခြားသွားပြီးဆေးကုကြတယ်။ အခြေခံလူတန်းစားတွေကတော့ ရှိတဲ့နေရာမှာ ဖြစ်သလိုကုနေရတာပါ။ လူနာရှင်တွေ အဆင်ပြေအောင်နဲ့ ဆေးရုံတစ်ရုံမှာရှိတဲ့အင်္ဂါရပ်ကို အဆင့်အတန်းရှိရှိဖြစ်စေချင်တဲ့ဆန္ဒပါ။ အစိုးရကလည်း လိုအပ်တဲ့အဆောက်အအုံတွေ ထပ်ဆောက်မယ်ဆိုရင် မြောက်ဥက္ကလာပဆေးရုံကြီးဟာ ပြည်သူတွေ အားကိုးရမယ့်အနေအထားဖြစ်သွားပြီ။ သင်ကြားရေးနဲ့ ကုသရေး ဆေးရုံဖြစ်တဲ့အတွက် လိုအပ်တဲ့ခေတ်မီရောဂါရှာဖွေရေး နဲ့ ဆေးကုသရေးစက်ကိရိယာတွေ၊ ဆေးရုံသုံးပစ္စည်းကိရိယာ တွေကိုလည်း လှူဒါန်းခဲ့ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်မှုဖြင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့် တော်ဝင်အထူးကုသဆောင်သည် သိန်းငါးသောင်းငါးထောင်တန်ဖိုးရှိ ခုတင် (၄၃၀) ဆံ့ အဆောက်အအုံဖြစ်ပြီး နှလုံး၊ သွေးရောဂါနှင့် ရင်ခေါင်းဆေးကုသဆောင်သစ်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ ဆေးရုံကြီးတွင် ယခင်က ဆောင်ရွက်ပေးနိုင်ခဲ့သည့် ကုသမှုများအပြင် နှလုံးသွေးကြောကျဉ်းရှိသူများအတွက် နှလုံးသွေးကြောချဲ့ကုသခြင်း၊ နှလုံးသွေးကြောအစားထိုးကုသခြင်း၊ နှလုံးခုန်မမှန်သည့် လူနာများအတွက် နှလုံးခုန်နှုန်းထိန်းညှိပေးသည့်စက် တပ်ဆင်ပေးနိုင်ခြင်း၊ နှလုံးအဆို့ရှင် အစားထိုး ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် ရင်ခေါင်းရောဂါဝေဒနာရှင်များအတွက် အဆုပ်အတွင်း မှန်ပြောင်းကြည့်၍ ရောဂါရှာဖွေခြင်း၊ လိုအပ်သလို ဆေးဝါးကုသခြင်း၊ သွေးရောဂါလူနာများအတွက်လည်း သွေး၊ ခြင်ဆီ ပင်မကလာပ်စည်း အစားထိုးကုသမှုများ၊ သွေးရည်ကြည်နှင့် သွေးကလာပ်စည်း လဲလှယ်ထုတ်ယူခြင်းတို့ဖြင့် ကုသနိုင်တော့မည်ဖြစ်သည်။

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးကို ၁၉၇၀ ပြည့်နှစ်တွင် ခုတင် (၂၀၀) ဆံ့ပြည်သူ့ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ခုတင် (၈၀၀)ဆံ့ ဆေးရုံကြီးအဖြစ်လည်းကောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးကုသမှုဌာနပေါင်း ၃၀ ရှိကာ ကုသရေးလုပ်ငန်းများသာမက ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ သင်ကြားရေးဆေးရုံကြီးအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

## ပညာတန်ဆောင်(၆၃)နှစ်ပြည့် အထိမ်းအမှတ်နှင့် စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပညာတန်ဆောင် (၆၃)နှစ်ပြည့် အထိမ်းအမှတ်နှင့်စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်း ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာသန်းဦးက ပညာတန်ဆောင် မဂ္ဂဇင်းသည် (၆၃) နှစ်ပြည့်ပြီး (၆၄)နှစ်ထဲ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သက်တမ်းရှည် မဂ္ဂဇင်းကြီးဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားခဲ့ပြီး နောင်တွင်လည်း ပညာရေးဌာနနှင့် ပညာရေးဝန်ထမ်းများ၏ အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်ခင်စန်းရီက ပညာတန်ဆောင်မှ သုတ၊ ရသ၊ ပညာလက်ဆင့်ကမ်းရုံသာမက နှစ်စဉ်စာပေပြိုင်ပွဲများ ကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်နေသည်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်အပ်ပါကြောင်း၊ ပညာရေးစာပေဖြင့် ရင်းနှီးကျွမ်းဝင်နေကြသည့် ယခုလို စာပေပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအနေဖြင့်လည်း စာပေပုံစံအမျိုးမျိုးကို ပညာရေးမြှင့်မားရေး လုပ်ငန်းဆိုင်ရာများ ရေးဖွဲ့ပြီး ပြည်သူများကြား ဖြန့်ဝေသွားခြင်းဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ အရှိန်အဟုန် ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့သမိုင်းအဖွဲ့မှ အဖွဲ့ဝင်ဒေါက်တာတိုးလှက ပညာတန်ဆောင် မဂ္ဂဇင်းသမိုင်းကြောင်းနှင့် မြန်မာစာနှင့် ဘာသာစကားအဖွဲ့၊ အဖွဲ့ဝင်ဒေါက်တာခင်အေးက ပညာတန်ဆောင်၏ ပညာဖြန့်ဖြူးမှု အစဉ်အလာအကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသည့် ဆရာကြီး ဒေါက်တာသန်းဦး၊ ဒေါက်တာတင်ညိုနှင့် ထူးချွန်ဆရာများအား ဆုချီးမြှင့်နိုင်ရေးအတွက် လှူဒါန်းသည့် ပညာရေးစေတနာရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများ၊ ၂၀၁၄ ခုနှစ် အမျိုးသားစာပေနှင့် စာပေဗိမာန်စာမူဆုရ ပညာတန်ဆောင် ကလောင်ရှင်များ၊ ၂၀၁၅ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲဆုရရှိသူများအား ပညာတန်ဆောင်နှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

လက်ထောက် ပညာမင်းကြီး ဦးထွန်းအောင် စတင်တည်ထောင်ခဲ့သည့် ပညာတန်ဆောင် မဂ္ဂဇင်းသည် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့ပြီး ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့၏ ပထမဆုံး ဥက္ကဋ္ဌတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနအတွင်းဝန် (နောင်တွင်) ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဦးသန့်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-ရဲထွဋ်**

## နွဲ့ပျော်စုံညီ မွန်တို့ဂုဏ်ရည် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က စီစဉ်ကျင်းပသည့် "နွဲ့ပျော်စုံညီမွန်တို့ဂုဏ်ရည်" အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ဝင်းအတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ နိုင်စိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် အလှူရှင်များ၊ မွန်တေးဂီတအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် မွန်စာပေပညာရှင်များက မွန်စာပေနှင့် ယဉ်ကျေးမှုသမိုင်း၊ မွန်ဓလေ့ထုံးတမ်းဆိုင်ရာ အမွေအနှစ်များနှင့်စပ်လျဉ်း၍ ဟောပြောကြပြီး မွန်လူငယ်မောင်မယ်များ၊ မွန်တေးသံရှင်များက မွန်ရိုးရာယဉ်ကျေးမှု အက၊ အလှ၊ သဘာဝသရုပ်ဖော်၊ မွန်ခေတ်ဟောင်း၊ ခေတ်ပေါ်တေးသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းအခမ်းအနားနှင့်အတူ မွန်ယဉ်ကျေးမှုပြခန်း၊ မွန်ရိုးရာဝတ်စုံအရောင်းဆိုင်များ၊ မွန်ရိုးရာ စားသောက်ဆိုင်များ၊ မွန်ဒေသထွက်စားသောက်ကုန်များ စသည့် အရောင်းဆိုင်ပေါင်း ၃၀ ကျော် တို့ကိုပါ ဖွင့်လှစ်ပြသရောင်းချပေးခြင်းကြောင့် လာရောက်လေ့လာလည်ပတ်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြင့် အထူးစည်ကားများပြားကြောင်း တွေ့ရသည်။

"ပြည်ထောင်စုတစ်ခုထဲမှာနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကို ပိုပြီးတွေ့မြင်သိရှိ နားလည်ခံစားတတ်ဖို့ရယ်၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုကို အမြတ်တနိုးထိန်းသိမ်းတတ်ဖို့ရယ်၊ အချင်းချင်းရင်းနှီးချစ်ခင်မှု ပိုမိုဖြစ်ထွန်းလာဖို့ရယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီပွဲကိုစီစဉ်ကျင်းပရတာဖြစ်ပါတယ်"ဟု မွန်စာပေနှင့်ယဉ်ကျေးမှု ကော်မတီ(ရန်ကုန်)ဒုတိယဥက္ကဋ္ဌ နိုင်စိုးကြည်က ပြောသည်။ **(ကိုချစ်)**

## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**လယ်ဝေး ဒီဇင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ သီရိရတနာမြို့မဈေးတွင် မီးလောင်မှုမဖြစ်ပွားစေရန် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြမှုကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦး၊ မြို့နယ်လျှပ်စစ်မှူး ဦးကျော်စိုးထိုက်၊ မြို့နယ်မီးသတ်စခန်းမှူး ဦးမျိုးဇေယျာဝေနှင့် ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

### ❍ ဖုန်ရင်ရာဇီမှ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင် တည်ရှိပြီး မြင့်မားသည့် ရေခဲတောင်ကြီးများဖြစ်သည့် ခါကာဘိုရာဇီ၊ ဂမ်လန်ရာဇီ၊ ဒင်ဒေါ်ရာဇီ၊ ရှိအင်တလာဂါဇီ၊ မဒွယ်၊ မလိခူး၊ ဖုန်ဂရန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ ဖုန်ရင်ရာဇီ အစရှိသည့် ရေခဲတောင်များစွာကို ပိုင်ဆိုင်ထားသည်။ ယခုအချိန်တွင် သဘာဝပတ်ဝန်းကျင်အလှအပများရှိသည့် အဆိုပါ ရေခဲတောင်ပတ်ဝန်းကျင်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်လည်ပတ်လျက်ရှိနေကြပြီဖြစ်သည်။ ဓာတ်ပုံဆရာ ကိုကျော်ကျော်ဝင်းသည် ၂၀၁၅ ခုနှစ် ဧပြီလက ဖုန်ရင်ရာဇီရေခဲတောင်သို့ သွားရောက်ခဲ့ပြီး ရေခဲတောင်၏ သဘာဝပတ်ဝန်းကျင် အလှအပများနှင့် ဆေးမြစ်များအကြောင်း၊ ကချင်တိုင်းရင်းသားတို့၏ ချစ်စရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ဝတ်စားဆင်ယင်မှု အလှအပများကို ရိုက်ကူးခဲ့သူဖြစ်သည်။ နောင်နှစ်တွင် အင်းလေးကန်နှင့် လွန်ခရုမာဒင်တောင်၏ မှတ်တမ်းဓာတ်ပုံများကို ဆက်လက်ရိုက်ကူးမည်ဟု သိရသည်။

စာကြွင်း-(ရှီးပဒီးဆိုသည်မှာ ကချင်ပြည်နယ်၏ ရေခဲတောင်တန်းကြီးများပေါ်တွင် ပေါက်ဖွားသည့် အကောင်တစ်ပိုင်း၊ နွယ်ပင်တစ်ပိုင်းဖြင့် အမြစ်ပုံစံဖြစ်နေသည့် တန်ဖိုးကြီးဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သည်။ ပိုးကောင်ငယ်လေးသည် သဘာဝအတိုင်းကြီးထွားလာပြီး သစ်ပင်၏ပင်စည်အလယ်၊ ရေခဲတောင် ရေခဲစပ်မှာရှိသည့် မြေကြီးထဲတွင် အချိန်တန်တော့ သေဆုံးသွားသည်။ သေဆုံးသွားသည့် အကောင်ငယ်၏ ဦးခေါင်းထက်မှ ချိုပုံသဏ္ဌာန်နွယ်ပင်များ ပေါက်လာကာ အပင်အဖြစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အရသာမှာ ချိုဆိမ့်သည်။)

# နမ့်ခမ်း၊ မန်တုံ၊ နမ္မတူနှင့် ကောလင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်တွင် စက်ရုံလေးရုံကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် စက်ရုံ ၂၂ရုံကိုလည်းကောင်း၊ တတိယအဆင့်တွင် စက်ရုံ ၆၉ ရုံကို လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စတုတ္ထအဆင့်ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၅၀ အနက် နမ့်ခမ်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၄-၁၁-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၆-၁၁-၂၀၁၅ ရက်တွင် ပြီးစီးခဲ့ပြီး ၎င်းရက်မှစတင်၍ လွှင့်အား 50 W လိုင်းနံပါတ်(ချန်နယ်) (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများစမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်မှ လည်းကောင်း၊ စက်ရုံ၏ အရှေ့ဘက်တွင် မန်ကန်ကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် ဟန်ကမ်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် မန်စပ်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ဟိုဆိုင်းကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

မန်တုံစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၆-၁၁-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၈-၁၁-၂၀၁၅ ရက်တွင် ပြီးစီးခဲ့ပြီး ၂၉-၁၁-၂၀၁၅ ရက်မှ စတင်၍ လွှင့်အား 50 W၊ လိုင်းနံပါတ် (E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများစမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်မှလည်းကောင်း၊ စက်ရုံ၏ အရှေ့ဘက်တွင် တော်မော်၊ ဟိုချက်၊ မန်ပတ်ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက် မော်လုံ၊ ပန်ဖိုင်၊ မော်နွဲ့ ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် မန်ပွန်း၊ မန်ကောင်၊ နမ့်ရမ်း၊ မန်မောက်ကျေးရွာများအထိ လည်းကောင်း၊ မြောက်ဘက် လောက်ကျယ်၊ အူမန်၊ ပန်ခါးလေး၊ ပန်ခါးကြီးကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

နမ္မတူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၅-၁၂-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၆-၁၂-၂၀၁၅ ရက်တွင်ပြီးစီးခဲ့ပြီး ၎င်းရက်မှ စတင်၍ လွှင့်အား 100W၊ လိုင်းနံပါတ် (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို မြို့ပေါ်ရပ်ကွက် ၁၈ ရပ်ကွက်မှ လည်းကောင်း၊ စက်ရုံ၏ အရှေ့တောင်ဘက်တွင် ခိုဖိတ်၊ ဟာလင်၊ ပန်ဟိုက် ကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

ကောလင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၇-၁၂-၂၀၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၉-၁၂-၂၀၁၅ ရက်တွင် ပြီးစီးခဲ့ပြီး ၁၀-၁၂-၂၀၁၅ ရက်မှ စတင်၍ 50W၊ လိုင်းနံပါတ်(E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်မြေနီကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် ရေကံသာ၊ လွဲမောက်တောင် ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် ဝါးရုံခုံးကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ကြာအင်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

စတုတ္ထအဆင့်စက်ရုံ ၅၀ အနက် စက်ရုံကိုးရုံမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်မြို့တော်ခန်းမအနီးရှိ ဧမာနွေလခရစ်ယာန်ဘုရားကျောင်းမျက်နှာစာ၌ ခရစ္စမတ်အကြို ရောင်စုံမီးများထွန်းထားသည်ကို ဒီဇင်ဘာ ၂၀ ရက် ညနေဆည်းဆာချိန်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-ငွေးအောင်)

●ကျောဖုံးမှ

ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်တွင်လည်းကောင်း၊ စိုးထက်ဦး(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင်(တောင်ကလေး)၊ ဝမ်းစတား(ရွှေဖူး)နှင့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်လေးပွဲစလုံး သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သဖြင့် အကွဲအပြဲဖြင့် အလဲထိုးအနိုင်ကြည့်ချင်နေသော လက်ဝှေ့ပရိသတ်များအဖို့ မချင့်မရဲဖြစ်ခဲ့သည်။

ရိုးရာလက်ဝှေ့ ပရိသတ်စိတ်အဝင်စားဆုံး ပွဲစဉ်ဖြစ်သည့် ထွန်းထွန်းမင်းနှင့် ဆိုင်းရပ်စ်တို့ပွဲစဉ်မှာ ယခုတစ်ကြိမ်တွေ့ဆုံမှုက သုံးကြိမ်မြောက် မကျေပွဲဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်နေသည်။

သူတို့နှစ်ဦး တွေ့ဆုံယှဉ်ပြိုင်မှုမှာ ပထမအချီတွင် ထွန်းထွန်းမင်းက ထောက်ခြေကန်ချက်များဖြင့် ပွဲကိုတိုက်စစ်ဆင်ဖွင့်ပေးလိုက်သည်။ ဆိုင်းရပ်စ်က ထွန်းထွန်းမင်း၏ပျော့ကွက်ကို ချောင်းနေသည်။ သို့သော် ပရိသတ်ထင်သလို မကြာလိုက်ဘဲ ပထမအချီ ၁ မိနစ် ၁၀ စက္ကန့်မှာပင် ထွန်းထွန်းမင်း၏ ညာဝိုက်လက်သီးကြောင့် ဆိုင်းရပ်စ် မေးရိုးကိုထိပြီးလဲကျကာ အနားတောင်းလိုက်ရသည်။ ပြန်အထတွင် ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ထွန်းထွန်းမင်း ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

လက်ဝှေ့ပရိသတ် အထူးစိတ်ဝင်စားပြီး အားထားကြည့်ချင်သည့် ထွန်းထွန်းမင်းနှင့်ဆိုင်းရပ်စ်တို့ပွဲစဉ်အပြီးတွင် ပရိသတ်များ၏ဝေဖန်မှုများ ပေါ်ထွက်လာခဲ့သလို လက်ဝှေ့ကြိုးဝိုင်းထဲသို့လည်း ရေသန့်ဘူးများ ကျရောက်လာခဲ့သဖြင့် ဒိုင်အဖွဲ့နှင့် လုံခြုံရေးအဖွဲ့တို့က ပရိသတ်များအား မေတ္တာရပ်ခံခဲ့ရသည်။

# ဓား၊ လှံ လက်နက်ဆောင်သူများအား လျှပ်တစ်ပြက်ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ဗန်းမော်အတွင်းဝန်လမ်းထောင့် လမ်းမကြီးပေါ်ရှိ လက်ဖက်ရည်ဆိုင်အနီးတွင် ဓား၊ လှံများနှင့်အတူ အကြမ်းဖက်ရန် ရောက်ရှိနေသည်ဟု ထောက်လှမ်းသတင်းအရ လှိုင်သာယာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့် ပူးပေါင်းအဖွဲ့က ဖမ်းဆီးခဲ့ရာမှ လက်နက်မျိုးစုံနှင့် အမျိုးသားခြောက်ဦးကို ကြိုတင်ကာကွယ်ဖမ်းဆီးနိုင်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ကျော်ခိုင်သက်နှင့် နယ်မြေခံတပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် မသင်္ကာဖွယ် အမျိုးသားခြောက်ဦးတို့သည် ပြစ်မှုကျူးလွန်ရန် ရောက်ရှိနေသည်ဟု ထောက်လှမ်းသတင်းရပြီး လျှပ်တစ်ပြက် ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၎င်းတို့ခြောက်ဦးကို ထိန်းသိမ်းနိုင်ခဲ့သည်။

သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိသူများမှာ စောလွင်ဦး(၄၂)နှစ် တေးဥယျာဉ်(၃)လမ်း (၇)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ သက်ထူးမောင်(၂၉)နှစ် ပတ္တမြားရတနာ(၄)လမ်း (၉)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ သူရ(၃၃)နှစ် ပတ္တမြားရတနာ(၄)လမ်း (၉)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ ဝင်းထွန်းအောင်(၃၄)နှစ် ဗိုလ်အောင်ကျော်လမ်း စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်၊ ရဲဝဏ္ဏ(၃၅)နှစ် မင်းကြီးမဟာမင်းခေါင်လမ်း စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်၊ နှင်းမောင်(၁၁)နှစ် ရွှေသံလွင်ဝင်း အပြင်ပဒံကျေးရွာ လှိုင်သာယာမြို့နယ်နေသူတို့ဖြစ်ပြီး အရိုးအသွား ၃၉ လက်မခန့်ရှိ ငှက်ကြီးတောင်ဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ၃၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ အနက်ရောင် သားရေအိတ်ဖြင့် ထည့်လျက် အရိုးအသွား ၂၇ လက်မခန့်ရှိ ငွေလက်ကိုင်ရိုးတပ် ဓားဦးချွန်တစ်ချောင်း၊ အနက်ရောင် ကော်စွပ်တပ်လှံရှည်တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် လှိုင်သာယာ မြို့မရဲစခန်းတွင် လက်နက်ဥပဒေ ပုဒ်မ ၁၉(က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**





# မလှိုင်-မန္တလေးသွား ခရိုင်ချင်းဆက်လမ်းပိုင်း(၁)ကို ပြုပြင်ပေးခြင်းကြောင့် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများ သွားလာမှုအဆင်ပြေ

**မလှိုင် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မလှိုင်-မန္တလေးသွား ခရိုင်ချင်းဆက်လမ်းပိုင်း(၁)သည် ယခင်က သွားလာ၍မရအောင် ပျက်စီးနေပြီး ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများက ယင်းလမ်းပိုင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးမှုကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အခုပြုပြင်ပေးနေတဲ့ ခရိုင်ချင်းဆက်လမ်းပိုင်းကို အသုံးပြုပြီးရွာကထွက်ရှိတဲ့ စိုက်ပျိုးသီးနှံတွေကို အခြားမြို့နယ်တွေဘက်ရှိ ပွဲရုံတွေမှာသွားရောင်းရတာပါ။ ဒီလမ်းပိုင်းပေါ်မှာဆိုရင် မလှိုင်မြို့က နေ့စဉ်သွားလာနေတဲ့ တချို့ယာဉ်လိုင်းတွေဟာ လူနဲ့ဝန်မမျှတင်ဆောင်မောင်းနှင်နေခြင်းက ခရီးသွားတွေအတွက် မလိုလားအပ်တဲ့ ယာဉ်မတော်တဆမှုမျိုးတွေဖြစ်ပွားနိုင်သလို အခုဆိုရင် အရင်က ပျက်စီးနေတဲ့ လမ်းပိုင်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက သွားလာရေး အဆင်ပြေအောင် ပြုပြင်ပေးသကဲ့သို့ အဆိုပါလမ်းပိုင်းကို အသုံးပြုသွားလာနေတဲ့ ယာဉ်မောင်းများအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အထူးလိုက်နာသင့်ပါတယ်" ဟု ညောင်ကန်ကျေးရွာနေ ခရီးသွားပြည်သူတစ်ဦးက ဆိုသည်။

"မလှိုင်-မန္တလေးသွားရင် ခရိုင်ချင်းဆက်လမ်းပိုင်းမှ တစ်ဆင့် အမြန်လမ်းကို တတ်ရောက်မောင်းနှင်ရတာပါ။ ဒီလမ်းပိုင်း ဘေးဝဲယာမှာဆိုရင် ရွာပေါင်းများစွာတည်ရှိတာကြောင့် ကျွန်တော်တို့လိုယာဉ်မောင်းတွေအတွက် အဆင်ပြေပါတယ်။ အရင်က ဒီလမ်းတချို့ဟာ သွားမရအောင် ပျက်စီးနေပေမယ့် အခုအခါ သက်ဆိုင်ရာက ပြန်လည်ပြုပြင်ပေးခြင်းကြောင့် ယာဉ်မောင်းတွေအတွက် ယာဉ်မတော်တဆမှုမျိုး မဖြစ်ပွားနိုင်တော့ပါဘူး။ ဒါပေမယ့် ကုန်ပစ္စည်းတွေကို အဆမတန်တင်ဆောင်မောင်းနှင်တာမျိုးတော့မလုပ်သင့်ပါဘူး"ဟု ယာဉ်မောင်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **ကျော်ကျော်(မလှိုင်)**

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏သားငါးကဏ္ဍထုတ်လုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ရွှေရတုခန်းမ၌ကျင်းပသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ ၂၃၂ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဒီပလိုမာဘွဲ့ ခုနစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ ၂၆ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ခုနစ်ဦး စုစုပေါင်း ၂၇၂ ဦးအား ဘွဲ့များ အသီးသီးချီးမြှင့်အပ်နှင်းသည်။



**(အပေါ်ယာပုံ)**

ထို့ပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရွှေတံဆိပ်ဆုနှင့် ပညာရည်ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးဒေါက်တာ အောင်မြတ်ဦးက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများ တက်ရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားအပြီးတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးပညာကောင်စီက ကြီးမှူး၍ (၁၇)ကြိမ်မြောက် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေလုံ့ပိုလ်နှင့် ထီးတော်မိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ဒီဇင်ဘာ ၁၉ ရက်နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရွှေလုံ့ပိုလ်နှင့် ထီးတော်မိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဝင်းထွန်းက ရွှေလုံ့ပိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် စိုက်ပျိုးမြေဧက ၂၄၈၀ အား စိုက်ပျိုးရေပေးဝေနေမှုများကို ရှင်းလင်းတင်ပြပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့်တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဆန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထီးတော်မိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ဆက်လက်ထွက်ခွာလာရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းဆောင်ရွက်ဆဲကာလအတွင်း စိုက်ပျိုးမြေများအား စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြစ်ကမ်းပါးအခြေအနေနှင့် တောင်သူများသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်းသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ပြီးစီးခဲ့သဖြင့် စိုက်ပျိုးမြေဧက ၃၀၀၀ ကို ရေပေးဝေခဲ့ရာ ယနေ့အချိန်ထိ စိုက်ပျိုးမြေဧက ၁၇၇၉၉ ဧကကို အောင်မြင်စွာရေပေးဝေခဲ့သည်။

အလားတူ ထီးတော်မိုးမြစ်ရေတင်စီမံကိန်းကိုလည်း ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ဆဲကာလအတွင်းမှာပင် စိုက်ပျိုးမြေဧက ၆၅၀ ကိုရေပေးဝေနိုင်ခဲ့ပြီး ယင်းစီမံကိန်း ပြီးစီးသွားပါက စိုက်ပျိုးမြေဧက ၁၅၀၀ ကို ရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ၁၃၇၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်း (အင်းစိန်မြို့နယ်)က ကြီးမှူး၍ ၁၃၇၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီက မြို့သစ်(က+ခ) ရပ်ကွက်၊ (ခ/၉)လမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

စာပေပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်ပွဲတွင် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို)မှ ပေးပို့သည့် ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သဝဏ်လွှာကို စာရေးဆရာအသင်း (အင်းစိန်)မှ ဒုတိယဥက္ကဋ္ဌ ဆရာ လှမိုးနိုင်က ဖတ်ကြားခဲ့သည်။

ထို့နောက် မန္တလေးတွင်"အမေနေ့" စာပေပြိုင်ပွဲတွင် ဆုရရှိခဲ့သော အင်းစိန်မြို့နယ် စာရေးဆရာအသင်းဝင် မောင်မောင်ကြီး(လှိုင်နယ်မြေ)အား အင်းစိန်မြို့နယ် စာရေးဆရာအသင်းအတွင်းရေးမှူး မောင်နွယ်မြင့်က ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ခဲ့ပြီး စာပေရေးရာ လောကအကြောင်း သောင်းပြောင်းထွေလာ ရှာဖွေဆန်းစစ် အနှစ်ထုတ်ဖော် "စာဆိုတော်" တို့အား လေးစားရိုကျိုး မြတ်နိုးဦးခိုက် ဂုဏ်ပြုထိုက်၍ လှိုက်လှဲဝမ်းသာ ပူဇော်ပါ၏ ဆိုသည့် စာဆိုတော်တို့၏ စာဆိုများအတိုင်း စာရေးဆရာ၊ ကဗျာဆရာ ဆရာချမ်းမင်းအိမ်၊ ဆရာဖေမြင့်နှင့် ဆရာချစ်ဦးညိုတို့က သုတ၊ ရသ စုံလင်စွာသော သုတ ရေးရာအဖြာဖြာတို့ စာပေချစ်သူ စာဖတ်ပရိသတ်များအား ဟောပြောခဲ့ကြောင်း သိရသည်။

**(၆၈၄)**

## နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတရာထူးသက်တမ်း ကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့သူကို ဆိုသည်။

( ခ ) **ကိုယ်ရံတော်** ဆိုသည်မှာ နိုင်ငံတော်သမ္မတအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်သူကိုဆိုသည်။

( ဂ ) **ကိုယ်ရံတော်အဖွဲ့** ဆိုသည်မှာ ကိုယ်ရံတော်ဦးဆောင်သည့် ဤဥပဒေအရ သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တို့ကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ရန်၊

( ခ ) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံစွာနှင့် စိတ်အေးသက်သာစွာ နေထိုင်နိုင်စေရန်၊

( ဂ ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

### အခန်း(၃)
### နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူ တစ်ဦးကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏ လစာနှင့်စရိတ်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက အကြောင်းကြားလျှင် ကိုယ်ရံတော်ကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ကိုယ်ရံတော်အဖြစ်မှရပ်စဲပါက နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏နေရာတွင် ကိုယ်ရံတော်တစ်ဦး ဖြည့်စွက်ခန့်ထားရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမည်စာရင်းတင်သွင်းနိုင်သည်။

( ခ ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူကိုလည်းကောင်း၊ ယင်း၏နေအိမ်နှင့် ပရိဝုဏ်ကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စောင့်ရှောက်ရန်နှင့် လိုအပ်သည်များ ဆောင်ရွက်ပေးရန် သင့်လျော်သောအင်အားဖြင့် ဖွဲ့စည်းထားသော ကိုယ်ရံတော်အဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ နေအိမ်ပြင်ပသို့သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော ကိုယ်ရံတော်အဖွဲ့၏အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါလျက် ကာကွယ်စောင့်ရှောက်ရမည်။

### အခန်း(၄)
### နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ ဆောင်ရွက်ချက်အပေါ် အကာအကွယ်ပေးခြင်း

၁၀။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တာဝန်အရ ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။

### အခန်း(၅)
### အထွေထွေ

၁၁။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း(၃) အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရာသက်ပန်ခံစားခွင့်ရှိသည်။

၁၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။

၁၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်ရံတော်အဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းရွှေ့ခြင်းနှင့် နေရာချထားခြင်းတို့ပြုနိုင်သည်။

၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# ဂေဟစနစ်ကို များစွာအထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ရာသီသီးနှံစိုက်ခင်းများ၊ သစ်သီးဝလံ ဥယျာဉ်ခြံများပေါများစွာတည်ရှိနေသည်။ မည်သည့်သီးနှံစိုက်ခင်းမျိုးပင်ဖြစ်စေ ဝတ်မှုန်ကူးရန်လိုအပ်သည်။ ဝတ်မှုန်ကူးရာတွင် အင်းဆက်များ၏ အခန်းကဏ္ဍသည် အရေးပါလှသည်။ ၎င်းအင်းဆက်များထဲတွင် ဝတ်ရည်စုပျားများသည် အကောင်းဆုံးဝတ်မှုန်ကူးသူများ ဖြစ်ကြသည်။ ပျားများသည် ပန်းပွင့်သည့်အပင်ဟူသမျှအား ဝတ်မှုန်ကူးပေးသည်။ ပျားများ၏ ဝတ်မှုန်ကူးခြင်းသည် သစ်တောများနှင့် သီးပင်၊ စားပင်အားလုံးအတွက် အကျိုးပြုပြီး ပတ်ဝန်းကျင် ဂေဟစနစ်အား များစွာအထောက်အကူပြုသဖြင့် ကမ္ဘာပေါ်ရှိ သက်ရှိများအသက်ရှင်ရေးအတွက် အဓိကအရေးပါသော လုပ်ငန်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်တွင်စတင်ခဲ့ပြီး နိုင်ငံပိုင်ကဏ္ဍတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ပျားများမွေးမြူ၍ သီးနှံစိုက်ခင်း၊ ဥယျာဉ်ခြံများ၌ ဝတ်မှုန်ကူးဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း၊ ပျားမွေးမြူရေးအသိပညာပေးသင်တန်းများ စာတွေ့လက်တွေ့ သင်ကြားပို့ချဖွင့်လှစ်ပေးခြင်း၊ ပုဂ္ဂလိကပျားမွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတွင် သီးနှံအထွက်တိုးစေရန် ပျားဖြင့်ဝတ်မှုန်ကူးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်မီပျားမွေးမြူရေးစနစ်ဆိုသည်မှာ သိပ္ပံနည်းကျ တီထွင်ထုတ်လုပ်ထားသော ပျားအိမ်များနှင့် ပျားမွေးမြူရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများကို အသုံးပြု၍ အုံသွင်းမွေးမြူနိုင်သည့် ပျားမျိုးများဖြစ်သည့် ဥရောပပျားမျိုး (Apismellifera)နှင့် သစ်ခေါင်းပျားမျိုး (Apiscerana) တို့အား ပျားအိမ်အတွင်း ထည့်သွင်းမွေးမြူပြီး ပျားဖယောင်း၊ ပျားရည်၊ ပျားကော်၊ ပျားနို့၊ ဝတ်မှုန်နှင့် ပျားဘုရင်မမျိုးများ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းဖြစ်သည်။

ပျားမွေးမြူရာတွင် ရွှေ့ပြောင်းမွေးမြူနည်းနှင့် အခြေစိုက်မွေးမြူနည်းဟူ၍ စနစ်နှစ်မျိုးရှိရာ အခြေစိုက်မွေးမြူနည်းမှာ တစ်နှစ်ပတ်လုံးနီးပါး ပျားစာပေါများစွာ ရရှိသောနေရာတွင် မွေးမြူခြင်းဖြစ်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူလိုသူများအတွက် ကိုယ်ပိုင်စိုက်ခင်း၊ ခြံမြေနှင့် ပတ်ဝန်းကျင်တွင် စိုက်ခင်းများရှိပါက မွေးမြူနိုင်သည်။ ရွှေ့ပြောင်းမွေးမြူနည်းမှာ ရာသီအလိုက် ပျားစာပေါများစွာရရှိသောနေရာများသို့ ပန်းပွင့်ချိန်အား ချိန်ကိုက်၍ ရွှေ့ပြောင်းမွေးမြူခြင်းဖြစ်သည်။

ပျားမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ ဆက်စပ်မှုရှိ၍ လုပ်ငန်းအချင်းချင်းလည်း အပြန်အလှန် အကျိုးကျေးဇူးပြုလျက်ရှိသည်။ ထို့ကြောင့် ပျားမွေးမြူသူများနှင့် စိုက်ပျိုးသူများသည် တစ်ဦးလုပ်ငန်းအပေါ် တစ်ဦးသဘောပေါက် သိရှိနားလည်ထားသင့်သည်။

စိုက်ခင်း၊ပျိုးခင်းများတွင် ပျားများအကူအညီဖြင့် ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်ကြမည်ဆိုပါက စိုက်ပျိုးသူများနှင့် ပျားမွေးမြူသူများသည် ကြိုတင်သဘောတူညီချက်များ ညှိနှိုင်းရေးဆွဲသဘောတူပြီးမှသာ လုပ်ငန်းဆောင်ရွက်သင့်သည်။ သို့မှသာ အငြင်းပွားမှုများ၊ သဘောကွဲလွဲမှုများအား ကျော်လွှားနိုင်မည်ဖြစ်သည်။

ပျားအုံများ စတင်ချထားရမည့်အချိန်နှင့် ပြောင်းရွှေ့မည့်အချိန်တို့ကို သတ်မှတ်ထားသင့်သည်။ အသုံးပြုမည့် စိုက်ခင်းဧရိယာ၊ ချထားမည့်နေရာအကွာအဝေး၊ အုံအရေအတွက်၊ အန္တရာယ်ဖြစ်စေမည့် ပိုးသတ်ဆေးများ အသုံးပြုပါက ပက်ဖျန်းမည့်အချိန်၊ ဆေး၏အာနိသင်သက်ရောက်ကာလများအတွက် မပက်ဖျန်းမီ ကြိုတင်သတိပေးအစီအစဉ်များစသည်တို့ကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူချက်ထားရှိသင့်ပါသည်။ အထူးသဖြင့် စိုက်ပျိုးသူများသည် သီးနှံများ ဝတ်မှုန်ကူးခြင်းအတွက် ပျားများ၏ စွမ်းဆောင်နိုင်မှုအား သိရှိထားသင့်ပြီး ယင်းသို့ သိရှိနားလည်ရန် ပျားမွေးမြူသူများက အသိပညာများဖြန့်ဝေပေးခြင်းကို ကြိုတင်ပြုလုပ်ထားပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။

ဝတ်မှုန်ကူးအောင်မြင်မှုကြောင့် သီးနှံများအထွက်တိုးသည့်အပြင် ထွက်ရှိလာသော သီးနှံများသည်လည်း အရည်အသွေးပြည့်ဝကောင်းမွန်ကြောင်းတွေ့ရှိရသည်။ ဝတ်မှုန်ကူးညံ့ဖျင်းမှုသည် သီးနှံများထွက်ရှိမှု ဆုတ်ယုတ်ခြင်း၊ နှောင့်နှေးကြန့်ကြာစေခြင်း၊ အညံ့အဖျင်းများခြင်းတို့ကို ဖြစ်စေသည်။ ပျားချထားမွေးမြူသည့် စိုက်ခင်းသည်



ပျားချထားမွေးမြူခြင်းမရှိသည့် စိုက်ခင်းထက် အဆပေါင်းများစွာ အထွက်တိုးစေသည်။ ပျားတို့၏ ဝတ်မှုန်ကူးအောင်မြင်မှုကြောင့် ထွက်ရှိလာသည့် သီးနှံအရေအတွက်၏တန်ဖိုးသည် ပျားမွေးမြူသူများ၏ ပျားအုံအတွင်းမှ ရရှိသည့်ပျားရည်၊ ဝတ်မှုန်စသော ပျားထွက်ပစ္စည်းများ၏ တန်ဖိုးထက် အဆ(၂၀)ခန့်ပိုသည်ဟု အဆိုရှိသည်။

ပျားလုပ်ငန်းဌာနအနေဖြင့် ပုဂ္ဂလိကပျားမွေးမြူလိုသူများအတွက် ပျားဘုရင်မ၊ လုပ်သားပျား၊ ပျားအိမ်၊ ပျားသလက်များနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးနေသည့်အပြင် ဖြစ်ပွားလာသော ပျားရောဂါများစစ်ဆေးကုသပေးခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်း၊ ပျားထွက်ပစ္စည်းများအား ဌာနသတ်မှတ်နှုန်းဖြင့် ဝယ်ယူခြင်း၊ ပျားရည်အရည်အသွေးစစ်ဆေးပေးခြင်း၊ မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခြင်းစသည်တို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံရှိ ပျားမွေးမြူသူများနှင့် ပျားအုံအရေအတွက်မှာ ဌာနဥရောပပျားစခန်း ၃၅ ခုနှင့် ပုဂ္ဂလိကမွေးမြူသူလုပ်ငန်းရှင် ၉၀၀ ခန့်ရှိပြီး ဌာနပိုင်ပျားအုံ ၆၂၀၀ နှင့် ပုဂ္ဂလိကပိုင်ပျားအုံ ၁၂၃၆၀၀ ခန့်ရှိပြီးဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျားရည်ထုတ်လုပ်မှု မက်ထရစ်တန် ၄၅၀၀ ခန့်ရှိပြီး ပြည်ပနိုင်ငံများဖြစ်သော အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား နိုင်ငံများသို့ ပျားရည်တင်ပို့မှု မက်ထရစ်တန် ၃၅၅၀ ခန့် ရှိပါသည်။ ပျားဖြင့် ဝတ်မှုန်ကူးဆောင်ရွက်မှု ဧက ၁၉၆၃၂၉၀ ခန့်နှင့် ပျားမွေးမြူရေး ပြည်သူပညာပေးတိုးချဲ့သင်တန်း ဖွင့်လှစ်ပို့ချပေးခဲ့ရာတွင်လည်း သင်တန်းသားဦးရေ ၈၅၀၀ ခန့်ကို သင်တန်းပို့ချပေးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ဘိန်းအစားထိုးသီးနှံစိုက်ခင်းဧက ၇၈၈၁၀ အား ပျားအုံ ၆၁၇၀၀ ဖြင့် ဝတ်မှုန်ကူးဆောင်ရွက်ပေးခဲ့ပြီး သင်တန်းပို့ချပေးခြင်း၊ ပျားအုံများ၊ ပျားဘုရင်မမျိုးများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ပျားမွေးမြူရေးသည် ခက်ခဲရှုပ်ထွေးသည့်လုပ်ငန်း မဟုတ်ပါ။ ရေရှည်ရပ်တည်နိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ပျားမွေးမြူခြင်းကို အသက်အရွယ်မရွေး၊ အမျိုးသားများသာမက အမျိုးသမီးများပါ မွေးမြူနိုင်သည်။ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေသည်။ ပျားအိမ်ပြုလုပ်ခြင်း၊ ပျားထွက်ပစ္စည်းများရောင်းချခြင်း၊ တန်ဖိုးမြင့် ပျားထွက်ပစ္စည်းများ ပြုလုပ်ရောင်းချခြင်းဖြင့်လည်း ဝင်ငွေရရှိစေနိုင်သည်။

အချုပ်ဆိုရသော် ပျားမွေးမြူခြင်းသည် မိမိနှင့် မိမိပတ်ဝန်းကျင်ကို အကျိုးယုတ်စေခြင်းမရှိဘဲ ကျေးလက်နေလူဦးရေများပြားသည့် မိမိတို့၏နိုင်ငံတွင် သီးနှံစိုက်ရင်း ပျားမွေးခြင်းဖြင့် နှစ်ဖြာဝင်ငွေရရှိစေနိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**နန်းနွယ်အောင်**

## ပုသိမ်ကြီးမြို့နယ်တွင် တာချီလန် (ခ) မုန်ညင်းစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် မုန်ညင်းစိမ်းများ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မုန်ညင်းစိမ်း (ဒေသအခေါ်)တာချီလန်က ပေါင်တင်ပြီး ပက်ကြဲစနစ်နဲ့စိုက်ပျိုးတာပါ။ မြောင်းထဲကရေကို စက်နဲ့တင်ပြီး ရေပန်းနဲ့ဖျန်းပြီးစိုက်ပျိုးတာပါ။ ပျိုးထုပ်တစ်ထုပ်ကို ငွေကျပ် ၄၀၀ ပေးရတယ်။ တစ်ဧကကို မျိုးထုပ် ၂၀၀ လောက်ကုန်ပါတယ်။ အပင်သန်ရင် ရက် ၃၀၊ အပင်မသန်ရင် ရက် ၄၀ ဆို စတင်ခူးလို့ရပြီး တစ်စီးကို ၁၅ ကျပ်နဲ့ မန္တလေးမြို့နဲ့ လက်ကောင်းဈေးမှ ပွဲစားတွေက ယာခင်းထိလာဝယ်ပါတယ်။ တစ်ဧက အစီး ၅၀၀၀ လောက်ထွက်ပြီး နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေတယ်။ ကျွန်တော်က တစ်နှစ်လုံးစိုက်တာဆိုတော့ မျိုးစေ့စိုက်ခင်း သက်သက်ထားတယ်။ မြေဩဇာထည့်တာတို့၊ ဆေးဖျန်းတာတို့ကတော့ လိုအပ်ချိန်မှာ ပြုလုပ်တာပါ။ ဒီစိုက်ခင်းက နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေပါတယ်” ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ မုန်ညင်းစိမ်းစိုက်ပျိုးသူ ဦးညိုကြီးက ပြောသည်။

ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ခရမ်းချဉ်၊ ဖရဲ၊ သခွား၊ ပန်း၊ မုန်ညင်းစိမ်းအစရှိသည့် သီးနှံများ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ဆေးဝါးနှင့် ရောဂါရှာဖွေရေးကိရိယာများ ပြသ

**မန္တလေး ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ဆေးဝါးနှင့်ရောဂါရှာဖွေရေးကိရိယာများပြခန်းများ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် (၃၁)လမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပိတောက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)အသင်းဝင်များ၏သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် အသင်းဝင်ဆေးပညာ မဟာဘွဲ့ရသူများအား ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်တွင်း ပြည်ပဆေးဝါးကုမ္ပဏီများ၏ ဆေးဝါးနှင့် ရောဂါရှာဖွေရေး စက်ကိရိယာပြခန်းများအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအားကြည့်ရှုခဲ့သည်။ ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆေးပညာစာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**






နည်းပညာ




တရုတ်နိုင်ငံအခြေစိုက် မိုဘိုင်းလုပ်ငန်းဖြစ်သော Huawei သည် လက်ဗွေဖတ်စနစ်ပါဝင်သော တန်ဖိုးနည်းမိုဘိုင်းဖုန်းသစ်တစ်မျိုးကို ဈေးကွက်အတွင်းပို့ဆောင်ပေးလိုက်ပြီဟု သိရှိရသည်။ Enjoy 5S ဟု အမည်ရသော အဆိုပါစမတ်ဖုန်းတွင် မျက်နှာပြင်အကျယ် ငါးလက်မပါဝင်ပြီး 1280 x 720 Resolution ဖြင့် ပုံရိပ်များကို ဖော်ပြနိုင်မည်ဖြစ်သည်။ Quad-core CPU ထည့်သွင်းထားပြီး 2GB RAM ပါဝင်ကာ Storage Space 16GB ပါရှိသည်။ လက်ဗွေဖတ်စနစ်ကို အနောက်ဘက်ကင်မရာအောက်တွင် ထည့်သွင်းထားပြီး စွမ်းဆောင်ရည်မြင့်မားကာ လုံခြုံမှုအပြည့်ရှိသည့် စနစ်ဖြစ်ကြောင်းသိရသည်။ အဆိုပါစမတ်ဖုန်းသည် လက်ဗွေဖတ်စနစ် ပါဝင်သောကြောင့် တန်ဖိုးနည်းမိုဘိုင်းဖုန်းများထဲတွင် ၎င်းစနစ်ပါဝင်သည့် ပထမဆုံးမိုဘိုင်းဖုန်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

လက်ဗွေဖတ်စနစ်ဖြင့် Screen Unlock လုပ်ဆောင်နိုင်ရုံသာမက အခြားလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အရှေ့ဘက်ကင်မရာ 5MP နှင့် အနောက်ဘက်ကင်မရာ 13MP ပါဝင်သောကြောင့် ကင်မရာအရည်အသွေးမြင့်မားသော မိုဘိုင်းဖုန်းဖြစ်သည်။ Android OS 5.1 Lollipop ထည့်သွင်းပေးထားပြီး Huawei မှဖန်တီးထားသည့် အထူးလုပ်ဆောင်ချက်များပါဝင်ကြောင်း သိရသည်။ ဆင်းမ်ကတ်နှစ်ခုထည့်သွင်းအသုံးပြုနိုင်သည့် Enjoy 5S ကို အမေရိကန်ဒေါ်လာ ၁၇၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချနေကြောင်း သိရသည်။

## ဘက်ထရီစနစ်ကောင်းမွန်သည့် Redmi Note Prime

Xiaomi မှ အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် ဒုတိယမြောက်စမတ်ဖုန်းတစ်မျိုးကို ထပ်မံမိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။ Redmi Note Prime ဟုခေါ်ဆိုသော အဆိုပါမိုဘိုင်းဖုန်းတွင် Snapdragon 410 SoC နှင့် Quad-Core CPU တို့ပါဝင်ပြီး မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိကာ 720 x1280 IPS Display အသုံးပြုထားသည်။ အဆိုပါမိုဘိုင်းဖုန်းတွင် 2GB RAM နှင့် 16GB Storage ပါဝင်ပြီး Micro SD 32GB အထိ တိုးမြှင့်အသုံးပြုနိုင်သည်။

ဘက်ထရီစနစ်တွင် 3100mAh ပါဝင်ပြီး ကောင်းမွန်သည့်ဘက်ထရီစနစ်ဖြစ်သည်။ အရှေ့ဘက်ကင်မရာ 5 MP နှင့် အနောက်ဘက်ကင်မရာ 13 MP ပါဝင်သည်။ Android OS 4.4 KitKat ကို ထည့်သွင်းပေးထားပြီး 4G စနစ်ဖြစ်ကာ ဆင်းမ်ကတ်နှစ်ခု ထည့်သွင်းအသုံးပြုနိုင်သည်ဟု သိရသည်။ ဒီဇင်ဘာလအတွင်း စတင် မိတ်ဆက်ပေးခဲ့သော အဆိုပါမိုဘိုင်းဖုန်းကို အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာဝန်းကျင်ဖြင့် စတင်ဝယ်ယူနိုင်ပြီဖြစ်သည်။



Alez - စုစည်းသည်

## ဖရူဆိုမြို့နယ်ရှိ ရာဇပရား - ခရိုးခူတံတားနှင့် မြေသားလမ်းပိုင်းများ ပြုပြင်ဆောင်ရွက်



ဖရူဆို ဒီဇင်ဘာ ၂၀

ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်၍ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် နိုင်ငံတော်မတည်ငွေဖြင့် ရာဇပရား - ခရိုးခူတံတားနှင့် မြေသားလမ်းများ ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းနှင့် ဖရူဆိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာတို့က လိုက်လံကြည့်ရှုရာ စိမ်းရွှေဝါကုမ္ပဏီမှတာဝန်ရှိသူက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လိုက်လံရှင်းပြခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပိုင်းများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၁၁ သန်းဖြင့် ရာဇပရား-ယိုစပရား-ခရိုးခူ သွားလမ်းရှိ (၁၂ ပေ× ၁၄ ပေ) အကျယ် သစ်သားတံတားကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေ ၇၇ ဒသမ ၀၈ သန်းဖြင့် ဟိုယာမှ ရော်ဒေါခေါ မြေသားလမ်း မိုင် (၅/၃. ၄၉) မိုင်တို့ဖြစ်ကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)



## ငါးမွေးမြူသည့်အင်းများအတွင်း စက်ရုံစွန့်ပစ်ရေဆိုးများ ဝင်ရောက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာ အရှေ့ဘက်ရှိ ငါးမွေးမြူသည့်အင်းများအတွင်းသို့ အမှတ်(၆)သကြားစက်မှ စွန့်ပစ်ရေဆိုးများနှစ်စဉ်ဝင်ရောက်ခြင်းကြောင့် ငါးသယံဇာတ လျော့နည်းလာခြင်းအတွက် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးနှင့်အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

နှစ်စဉ်အခွန်ဆောင်၍လုပ်ကိုင်နေရသော အဆိုပါအင်း၌ တစ်နှစ်ထက်တစ်နှစ် ငါးဖမ်းဆီးရမိမှုလျော့ကျလာခြင်းကြောင့် စက်ရုံမှရေသန့်စနစ်များ ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် အင်းလုပ်ငန်းများ အဆင်ပြေမည်ဖြစ်ကြောင်းနှင့် စစ်တောင်းမြစ်အတွင်းသို့စီးဝင်ရာတွင် သား/ငါးကဏ္ဍကို ထိခိုက်မှုလျော့ပါးသွားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးသယံဇာတဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ရှော့ခ်တိုက်ငါးဖမ်းခြင်းနှင့် ကွန်၊ ကျင်စက်အသုံးပြုခြင်းများသည် ကြီးမားသောအဟန့်အတားများဖြစ်၍ ထိရောက်စွာ တားဆီးဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

ကိုလွင်(ဆွာ)

၀၀၀





တူဒေးစာအုပ်တိုက်

သမ္မာကျမ်းလာ ခေါင်းဆောင်များထံမှ သင်ယူခြင်း

ဒေါက်တာသာထွန်းဦး

ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်ကောင်းများစွာကို ရေးသားထုတ်ဝေသူ John C. Maxwell ၏ သမ္မာကျမ်းစာကို အခြေခံပြီး ရေးသားထားသော *Learning From The Giants* စာအုပ်ကို ဘာသာပြန်ဆိုရေးသားထုတ်ဝေလိုက်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ခရစ်ယာန်သမ္မာကျမ်းစာ မွေဟောင်းလာ ယုံကြည်ခြင်းဆိုင်ရာ သူရဲကောင်းများ အနက်မှ သူရဲကောင်းကိုးဦး၏ ဘဝအတွေ့အကြုံနှင့် ခေါင်းဆောင်မှု အတွေ့အကြုံများကို လေ့လာ ရေးသားထားပါသည်။ ဧလိယ၊ ဧလိရှဲ၊ ယောဘ၊ ယာကုပ်၊ ဒေဗောရ၊ ဟေရှာယ၊ ယောန၊ ယောရှု၊ ဒံယေလတို့၏ ဘုရားသခင်ထံမှ သင်ယူခဲ့သော ခေါင်းဆောင်မှုသင်ခန်းစာများကို သူတို့တစ်ယောက်ချင်းစီနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခဲ့သည့်အလား ရေးသားတင်ဆက်ထားသောစာအုပ်ကောင်းတစ်အုပ် .....

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

# ယူရို ၂၀၁၆ အုပ်စုများ မိတ်ဆက်

ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့အုပ်စုများကို တစ်အုပ်စုချင်းမှာရှိတဲ့ အသင်းတစ်သင်းစီကို မိတ်ဆက်လာခဲ့ရာ ဒီကနေ့မှာတော့ စပိန်၊ ချက်၊ တူရကီ၊ ခရိုအေးရှားတို့ တစ်အုပ်စုတည်းကျရောက်နေခဲ့တဲ့ အုပ်စု(D)ကို ရောက်ရှိလာခဲ့ပါပြီ။ ဒီအုပ်စုမှာ စပိန်နဲ့ ခရိုအေးရှားတို့ကတော့ နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်အပြည့်ရနိုင်မယ့်အသင်းတွေအဖြစ် ရေပန်းစားနေပါတယ်။

**အုပ်စု(D)**

**စပိန်။** ။ စပိန်ဟာ ယူရို ၂၀၀၈၊ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၁၂ တို့မှာ အောင်မြင်မှုတွေရရှိထားခဲ့တဲ့ အသင်းပါ။ ဒါပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ အုပ်စုကနေ လှည့်ပြန်ခဲ့ရတယ်။ အဲဒီလို မျက်နှာပန်းမလှခဲ့တဲ့ အသင်းကြီးတစ်သင်းအနေနဲ့ အခုပြိုင်ပွဲမှာ ဘယ်လိုရလဒ်တွေရအောင် နည်းပြဒယ်ဘိုစကေးပေးစွမ်းသွားမလဲဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ စပိန်ဟာ ယူရို ၂၀၁၂ မှာ အောင်ပွဲခံနိုင်ခဲ့တဲ့အပြင် ၁၉၆၄ မှာလည်း အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့တဲ့အသင်းဖြစ်တယ်။ ဒါကြောင့် ဒယ်ဘိုစကေးအနေနဲ့ အခုပြိုင်ပွဲမှာ ပြန်လည်ဗိုလ်စွဲနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်။

စပိန်အတွက် အဓိကကစားသမားကတော့ မန်စီးတီးမှာ ကစားနေတဲ့ ဒေးဗစ်ဆေးလ်ဗား ပါ။ ဒေးဗစ်ဆေးလ်ဗား ဟာ သုံးယောက်တွဲတိုက်စစ်မှာ ညာတောင်ပံအားထားရတဲ့ တိုက်စစ်မှူးတစ်ဦးပါ။ ရှစ်ပွဲမှာ သုံးဂိုးသွင်းထားသလို ဂိုးဖန်တီးပေးမှု သုံးကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့ပြီး အခွင့်အရေးအကြိမ်(၂၀)အထိ ဖန်တီးပေးနိုင်ခဲ့တဲ့ ကစားသမားပါ။ စပိန်အသင်းမှာ အက်ပီလီကူတာ၊ ကော်စတာ၊ ဖာဘရီဂတ်၊ ပက်ဒရို၊ ကာဇိုလာ၊ ဒီဂီယာ၊ မာတာတို့လို ကစားသမားတွေအပြင် ကစားသမားကောင်းတွေအများကြီးရှိနေတဲ့အသင်းပါ။ ဒါကြောင့် နည်းပြဒယ်ဘိုစကေးအနေနဲ့ ယူရို ၂၀၁၆ မှာ အောင်မြင်မှုဆက်ရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး အောင်မြင်မှုရရှိမှသာ စပိန်မှာ ဆက်နေမယ်ဆိုတဲ့ အရိပ်အမြွက်စကားတွေလည်း ထွက်နေပါတယ်။

**ချက်။** ။ ချက်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲစဉ်တွေမှာ သူတို့မျှော်လင့်ထားတာထက် စွမ်းဆောင်ရည်ကောင်းတွေရရှိခဲ့တယ်လို့လည်း ဆိုပါတယ်။ ခြေစစ်ပွဲစဉ်တွေကစားခဲ့တုန်းက အုပ်စု(A)မှာ အုပ်စုပထမနေနဲ့ ခြေစစ်ပွဲအောင်ခဲ့တာပါ။ ၁၉၇၆ မှာ ဖလားရယူနိုင်ခဲ့ပြီး ၁၉၉၆ မှာ ဒုတိယသာရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဆီမီးဖိုင်နယ်အထိတက်လှမ်းနိုင်ခဲ့ပြီး ၂၀၁၂ မှာတော့ ကွာတားဖိုင်နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းဖြစ်တယ်။

ချက်အသင်းအတွက် အဓိက ကစားသမားကတော့ အသင်းခေါင်းဆောင်ပီတာဆတ်ချ်ပါပဲ။ ပီတာဆတ်ချ်ဟာ ချက်အသင်းနဲ့အတူ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲကို လေးကြိမ်မြောက်ပါဝင်ကစားရမှာလည်းဖြစ်တယ်။ သောမက်ရိုဆစ်စကီးဟာလည်း ချက်အသင်းအတွက် အားထားရတဲ့ကစားသမားပါ။ နည်းပြပါဗယ်ဗာဘာဟာ ဘောလုံးရာသီငါးရာသီဆက်တိုက် ချက်အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးထားတာဖြစ်ပေမယ့် အခုယူရို ၂၀၁၆ မှာ အသင်းရဲ့လိုရာခရီးကို ဘယ်လောက်ထိပို့ဆောင်ပေးနိုင်မလဲဆိုတာတော့ ခန့်မှန်းရခက်တဲ့အနေအထားဖြစ်နေပြီး စပိန်၊ ခရိုအေးရှားတို့ကိုကျော်ဖြတ်နိုင်ဖို့ အတော်လေးရုန်းကန်ရဦးမှာပါ။

**တူရကီ။** ။ တူရကီအသင်းဟာ ၂၀၀၉ ခုနှစ်ကတည်းက သူတို့ရဲ့ ဖီဖာကမ္ဘာ့အဆင့် ၂၁ ဆိုတာဟာ အမြင့်ဆုံးစွမ်းဆောင်ရည်ပါပဲ။ ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်တွေကစားရာမှာလည်း အစပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေအတော်လေးဆိုးရွားခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းခြေစွမ်းအရ ခြေစစ်ပွဲအောင်ခဲ့ပြီး ယူရိုပြိုင်ပွဲကို လေးကြိမ်မြောက်တက်လှမ်းလာခဲ့ခြင်းလည်းဖြစ်တယ်။ ယူရို ၂၀၀၈ ပြိုင်ပွဲတုန်းကဆို ဆီမီးဖိုင်နယ်အထိတက်လှမ်းနိုင်ခဲ့တယ်။

တူရကီအသင်းအတွက် အဓိကကစားသမားကတော့ နည်းစနစ်ပိုင်းဆိုင်ရာကောင်းမွန်တဲ့ ကွင်းလယ်ကစားသမား တူရန်ပါ။ တူရန်ဟာ လက်ရှိမှာ ဘာစီလိုနာအသင်းမှာ ကစားနေတာဖြစ်ပြီး ၂၀၁၄ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းကို လာလီဂါဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတစ်ဦးပါ။ နည်းပြပိုင်းအနေနဲ့ကြည့်ရင် ဖာတစ်တီရင်ဟာ ၂၀၁၃ ခုနှစ်မှာ နည်းပြအဖြစ် တတိယအကြိမ်ခန့်အပ်ခံရတယ်။ ၁၉၉၃ ကနေ ၁၉၉၆ အထိ ပထမအကြိမ်ကိုင်တွယ်ခဲ့ပြီး အဲဒီအချိန်မှာလည်း ခြေစစ်ပွဲအောင်ခဲ့တယ်။ ၂၀၀၅ ကနေ ၂၀၀၉ အထိ ဒုတိယအကြိမ်ကိုင်တွယ်ခဲ့ပြီး ယူရို ၂၀၀၈ မှာ ဆီမီးဖိုင်နယ်အထိတက်လှမ်းနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ အဲဒါကြောင့် အခုတတိယအကြိမ်ကိုင်တွယ်စဉ်မှာ တူရကီအတွက်ဘယ်လောက်ခရီးပေါက်အောင် စွမ်းဆောင်ပေးမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

**ခရိုအေးရှား။** ။ ခရိုအေးရှားမှာ ရာကီတစ်၊ လူကာမိုဒရစ်စတဲ့ ကစားသမားတွေအပြင် ဥရောပရဲ့အကောင်းဆုံးတိုက်စစ်မှူးအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ မန်ဇူကစ်တို့လို ကစားသမားတွေရှိနေခြင်းက အခုပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးကို ရယူသွားဖို့ ရှိပါတယ်။ ခြေစစ်ပွဲစဉ်တွေကစားခဲ့ရာမှာ အုပ်စုဒုတိယအနေနဲ့ ခြေစစ်ပွဲအောင်ခဲ့ပြီး ၁၉၉၆ နဲ့ ၂၀၀၈ တို့မှာ ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့ပါတယ်။ အခုတစ်ကြိမ်ဟာ လေးကြိမ်ဆက်တိုက်ယူရိုပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်တယ်။

အဓိကကစားသမားကတော့ ရာကီတစ်ပါ။ ရာကီတစ်ဟာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့တဲ့ ပထမရာသီမှာတင် တစ်နှစ်တည်းဖလားသုံးလုံးရယူပေးနိုင်ခဲ့တယ်။ ၂၀၁၅ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့တယ်။ နည်းပြပိုင်းကတော့ ယူရို ၂၀၁၆ ခြေစစ်ပွဲရဲ့ နောက်ဆုံး နှစ်ပွဲအကျန်မှာ စတင်ကိုင်တွယ်ခဲ့တာဖြစ်လို့ နည်းပြပိုင်းစွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ခန့်မှန်းရခက်တယ်။ ဒါပေမယ့် ဒိုင်နမိုဇာဂရက်၊ လိုကိုမိုတီဗာဇာဂရက်နဲ့ မာရီဘောတို့လိုကလပ်အသင်းတွေကိုတော့ အကောင်းဆုံးကိုင်တွယ်နိုင်ခဲ့တယ်။

**(နိုင်လင်းကြည်)**



# ခြောက်ပွဲဆက်နိုင်ပွဲပျောက်ခဲ့သည့်မန်ယူအသင်း ၁၇ နှစ်တာကာလအတွင်း အဆိုးရွားဆုံးရလဒ်ဖြစ်လာ

မန်ယူအသင်းသည် ၁၉၉၈-၁၉၉၉ ဘောလုံးရာသီက ဘောလုံးရာသီတစ်ရာသီအတွင်း ဖလားသုံးလုံးရယူဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြောက်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ခြင်းကြောင့် ၁၇ နှစ်တာကာလအတွင်း အဆိုးရွားဆုံးရလဒ်ဖြစ်လာကြောင်း သိရသည်။

ယခု နောက်ဆုံးကစားခဲ့သည့် နော့ဝှစ်ချ်အသင်းနှင့် ပွဲစဉ်တွင်လည်း အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းသည် နည်းပြဗန်ဟားလ်အပေါ် များစွာဖိအားများတိုးလာစေခဲ့သည်။

မန်ယူအသင်းသည် နိုဝင်ဘာလအတွင်းက ဝက်ဖို့ဒ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားမှာပင် ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၅)နေရာသို့ ဆင်းပေးခဲ့ရသည်။ ထို့ကြောင့် လက်ရှိရလဒ်ပိုင်းကို ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပါက ပရီမီယာလိဂ်ဖလားကို မျှော်လင့်ရန်ဝေးကွာသွားမည်ဖြစ်သည့်အပြင် အောက်တိုဘာလအတွင်းကလည်း ချန်ပီယံလိဂ်နှင့် ကတ်ပီတယ်ဝမ်းဖလားပြိုင်ပွဲနှစ်ရပ်လုံးကို လက်ပြနှုတ်ဆက်ခဲ့ရပြီးဖြစ်သည်။

မန်ယူအသင်းအတွက် နောက်ဆုံးမျှော်လင့်ချက်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲကျန်ရှိနေသေးပြီး ဇန်နဝါရီ ၉ ရက်တွင် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်အဖြစ် ရှက်ဖီးလ်ယူနိုက်တက်နှင့် ကစားရမည်ဖြစ်သည်။

၁၉၉၈ ခုနှစ်မှစတင်ကာ ပြိုင်ပွဲအရပ်ရပ်၌ ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းမှာ မန်ယူအသင်းအတွက် ပထမဆုံးအကြိမ်ရလဒ်ပိုင်းဆိုးရွားမှုဖြစ်ပြီး နော့ဝှစ်ချ်အသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းအထိ ရယူနိုင်ခဲ့သော်လည်း အဆုံးသတ်ရလဒ်မှာ အရှုံးရလဒ်သာထွက်ပေါ်ခဲ့သည်။

မန်ယူအသင်းသည် Boxing Day တွင် စတုတ်စီးတီးနှင့် ယှဉ်ပြိုင်ကစားပြီးပါက နှစ်ရက်အကြာတွင် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့နောက် ဇန်နဝါရီ ၂ ရက်တွင် နည်းပြလက်မဲ့ဖြစ်နေသည့် ဆွမ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(ငွေကြယ်)**

## ရာသီကုန်တွင် ဘိုင်ယန်မှ ဂွါဒီယိုလာထွက်မည်

ဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဂွါဒီယိုလာ နေရာတွင် အန်ဆယ်လော့တီဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ် လျက်ရှိသည်။

ဂွါဒီယိုလာသည် လက်ရှိတွင် ပရီမီယာလိဂ်အသင်းကြီးများဖြစ်ကြသည့် မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်များသို့ ပြောင်းရွှေ့ရန်ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။ ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၁၃ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး လာလီဂါဖလားနှစ်ကြိမ်နှင့် ဂျာမန်ပိုကယ်ဖလား တစ်ကြိမ်ရယူ ဆွတ်ခူးပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးနည်းပြဟောင်း အန်ဆယ်လော့တီသည် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ်မှ ၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပယ်ခြင်းခံခဲ့ရပြီး လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ် တစ်ရပ်ချုပ်ဆိုထားကြောင်းသိရသည်။

**(ငွေကြယ်)**

## ဟယ်ရီကိန်းနှင့် အယ်လ်လီတို့၏ သွင်းဂိုးများဖြင့် စပါးအသင်း အဆင့် (၄) တက်လှမ်း

စပါးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၇)အဖြစ် ဆောက်သမ်တန်အသင်းနှင့် ကစားခဲ့ပြီးနောက် ဆောက်သမ်တန်အသင်းအား ဟယ်ရီကိန်းနှင့် အယ်လ်လီတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်အဆင့်(၄)သို့တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်သည် တိုက်စစ်မှူး ဟယ်ရီကိန်းအတွက် စပါးအသင်းနှင့်အတူ ပွဲပေါင်း ၁၀၀ ပြည့်ပါဝင်ကစားပေးခဲ့ခြင်းဖြစ်ပြီး ၁၀ ပွဲပါဝင်ကစားပေးပြီးတွင် ၁၀ ဂိုးမြောက်သွင်းယူပေးခဲ့ခြင်းလည်းဖြစ်သည်။

စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို တိုက်စစ်မှူး ဟယ်ရီကိန်းက ပွဲကစားချိန်မိနစ် ၄၀ တွင်သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး နောက်ခံလူ အယ်လ်လီက ပွဲကစားချိန် ၄၃ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**



# ထုတ်ယူဖော်စပ်ရသော ဆေးများသည် သိပ္ပံနည်းကျဖော်စပ်ရသော ဆေးများထက် ဘေးထွက်ဆိုးကျိုးသက်သာ

## ဒေသနာနယဆေးပညာကို မဟာဘူတဓာတ်တို့၏ အရေအတွက်၊ အရည်အသွေးမမျှခြင်း ဖြစ်စဉ်ကြောင့်ရောဂါများကပ်ရောက်ခြင်း (အပိုင်း-၁)

**ဒေါက်တာ မောင်ဖြေ(Ph.D.AM)**

နို့ရည်သည် ကလေးသူငယ်မမွေးဖွားမီကပင် ကလေးသူငယ်များအတွက် အဆင့်သင့်ရှိနေခဲ့သည်။ ဒေသနာ နယဆေးပညာသည်လည်း လူသတ္တဝါတို့အတွက် အသက်ရှည်အနာကင်းရေးအတွက် မြတ်စွာဘုရားဟောကြားထားသည့်ဆေးဝါးများရှိနေသည်။

ဆေးဝါးဟူသော ဝေါဟာရသည် "သုတ်သင်ခြင်း" "ဆေးကြောခြင်း" သန့်ရှင်းစင်ကြယ်ခြင်း"ဟူသော အနက်အဓိပ္ပာယ်ရသည့် မြန်မာဝေါဟာရစစ်စစ်ပင်ဖြစ်သည်။ လူနှင့်သတ္တဝါများမဖြစ်ထွန်းမပေါ်ပေါက်မီကပင် ရှိနေခဲ့သည်ဟု အဆိုအမိန့်ရှိခဲ့သည်။ အလွန်လှပသောတင်စားမှုများပင်ဖြစ်သည်။

မြန်မာတို့၏ဆေးပညာသဘောတရားတွင် ဖော်ပြထားသော အဆိုအမိန့်တို့အား အလွယ်တကူလက်ခံရာမှာ အလွန်ကျယ်ဝန်းလှပါသည်။"ဆေးဒေသန" အရ အတွေးအခေါ်များကို လက်တွေ့ဗဟုသုတဖြင့် ပေါင်းစပ်ပါက လူသားတို့၏ ကျန်းမာရေးနှင့်အသက်ရှည်ရေးကို စောင့်ရှောက်ပေးစွမ်းနိုင်သည့်ဆေးပညာကြီး ဖြစ်သည်ဟု မှတ်ယူပါသည်။

မြတ်စွာဘုရားဟောကြားအပ်သော ဒေသနာနယဆေးပညာနှင့် ဘေသဇ္ဇနယခေါ် အာယုဗ္ဗေဒဆေးပညာတို့ကား ပါရမီရှင် ဆရာဇီဝကအကြောင်းခံ၍ ရှေးရှေးကဆရာတော်ကြီးများ၊ သမားတော်ကြီးများ၊ ပါရမီဓာတ်ခံရှိသူများ၊ သီလ၊ သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန်အစရှိသော ကျင့်စဉ်စရဏတို့ဖြင့် နွယ်မြက်သစ်ပင်တို့သည် အစွမ်းထက်ဆေးဖက်ဝင်သည့်အပင်များဖြစ်ရသည်။

မြန်မာ့ဆေးပညာတွင် ဆေးပစ္စည်းတစ်ခုကို သဘောသဘာဝအရ ရသ၊ ဂုဏ်၊ ဝီရိယ၊ ကိစ္စ၊ သဘာဝတို့ဖြင့် ခွဲခြားထားခြင်းပင်ဖြစ်သည်။ ဆေးတို့၏ ရသ၊ ဂုဏ်၊ ဝီရိယ၊ ကိစ္စတို့ကိုထားဦး။ "ပဘာဝ" ဟူသည့်တန်ခိုးထူး အစိန္တေယျဝီရိယသည်ပင်လျှင် ပါဝင်ပတ်သက်နေပါသည်။ တန်ခိုးထူးဟူသည်မှာ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာပုဂ္ဂိုလ်ထူးများသာ သိရှိပြီးမည်သည့်သုတေသနနည်းနှင့်မျှစမ်းသပ်၍ မရနိုင်သော သတ္တိထူးပင်ဖြစ်သည်။

မြန်မာ့ဆေးပညာကို နယကြီးလေးပါးဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ပညာကြီး လေးရပ်ဖြစ်သည်။ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာရေနယဟူသည့်နယကြီးများဖြင့် စုပေါင်း ဖွဲ့စည်းထားသော ဆေးပညာဖြစ်သည်။ မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဘုရားဟောဖြစ်သည်။ သို့ဖြစ်၍ အခြားနိုင်ငံမှဆေးများနှင့်မတူဘဲ ယှဉ်ဘက်ဆေးပညာတစ်ရပ် Alternative Medicine ဖြစ်လေသည်။

